

ရွှန်းရမိမိုး
သစ္စာတော်ဩဘွဲ့ညို
L လင်း

# သစ္စာတော်ဩဘွဲ့ညို

ဒီနေ့…

သားလေး ဩဘွဲ့ညို ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့။

ပြီးတော့ သူမ သားလေးကို လူရာသွင်းပြီး လူပီသစေမည့် ပုံစံခွက်ထဲသို့ စတင်သွင်းမည့်နေ့ ဆိုရင်လည်း ပိုမှန်မယ် ထင်ပါရဲ့။

ဒီနေ့ကို ရောက်ချင်လို့ စောင့်လိုက်ရတာ ။ ပြီးတော့ သားလေးကို ဒီနေ့မှာ ပြောဖို့ စကားလေးတွေကို သားလေးမွေးတဲ့ နေ့ကတည်းက စီကာစဉ်ကာ စဉ်းစားခဲ့တာ။ ခုချိန်မှာတော့ သူမ နှလုံးသားထဲမှာ သားကို ပြောဖို့ စကားတွေ အဆင်သင့်ဖြစ်နေခဲ့ပါပြီ။

နှစ်စဉ်နှစ်တိုင်း သားကို မွေးနေ့ပွဲလုပ်ခဲ့ပေမယ့် ဘယ်တော့မှ မခမ်းနားခဲ့ပါ။

ခုလည်း ဆယ့်ရှစ်နှစ်မြောက် မွေးနေ့ကို မခမ်းနားစွာ ကျင်းပပေးရဦးမှာပေ့ါလေ။

ပြီးတော့ သားရဲ့ မွေးနေ့တိုင်းမှာ ရင်ထဲက ဒဏ်ရာက သွေးစိမ်းရှင်ရှင် ပြန်ထွက်တတ်လွန်းလို့ ဒီနေ့ကို ကျော်လွန်ပြီး မနက်ဖြန်ဆို အနည်းဆုံး သူမ အားဆေးသွင်းရဦးမည် ထင်ပါရဲ့။

ဒါပေမယ့် ကျွန်မ တင်းခဲ့တဲ့ မာန်ရဲ့ ရလဒ်ကတော့ သားလေး လူလားမြောက်လာခြင်းပင်။ ဒါပေမယ့် လူပီသဖို့ သူမ ဆက်လက်သင်ကြားပေးရဦးမယ်။

သား ငယ်ငယ်လေးတည်းက မေးခဲ့တဲ့ မေးခွန်းတစ်ခုရှိတယ်။

"မေကြီးဘာလို့ အမြဲတမ်း သစ္စာပန်းအဖြူရောင်တွေ ဝယ်တာလဲ"တဲ့လေ။ ဘုရားပန်းက အစ စားပွဲတင်ပန်းအိုးအဆုံးခြံထဲမှာပါ

အဖြူရောင် သစ္စာပန်းပင်တွေပဲ ကျွန်မ စိုက်ပျိုးခဲ့တာ။ ဒီနေ့ဆို ဆယ့်ရှစ်နှစ်နဲ့ ဆယ်လရှိခဲ့ပြီး သားလေးရယ်။ သားလေးမေးတိုင်း ကျွန်မ ပြန်ဖြေခဲ့တာက။

"သားလေ ဆယ့်ရှစ်နှစ်ပြည့်တဲ့ နေ့ကျရင် ... မေကြီး ဖြေမယ်လေ..."

"ချစ်စရာကောင်းတဲ့ သားအကျင့်က ... တစ်စုံတစ်ယောက်နဲ့တူစွာ မေးခွန်းတစ်ခုကို ဘယ်တော့မှ နှစ်ခါပြန်မမေးတတ်ခြင်းပဲ။

ကျွန်မကို ကံတရားက ပြန်ပေးတဲ့ လက်ဆောင် ကောင်းတွေက သားလေး ဩဘွဲ့ညိုဟာ တစ်စုံတစ်ယောက်ဆီမှ ကောင်းတဲ့သွေးကိုသာ ရွေးပြီး အမွေရလိုက်လို့ပေ့ါ။ မဟုတ်လို့ကတော့ ကျွန်မရင်ဟာ နှစ်ထပ်ကွမ်းနာလိုက်မည့် ဖြစ်ခြင်း။

တကယ်ပါ။ သားဟာ ထိုတစ်စုံတစ်ယောက်ရဲ့... ကောင်းကွက်ကလေးတွေချည်း ရွေးပြီး လူဖြစ်ခဲ့သတဲ့။

တစ်စုံတစ်ယောက်လို အေးဆေးတည်ငြိမ်မှုတွေ တစ်စုံတစ်ယောက်လို ဉာဏ်ရည်ထက်မှုတွေ၊ ပြီးတော့ တစ်စုံတစ်ယောက်လို အမေကို ချစ်တတ်သေးရဲ့။ တစ်စုံတစ်ယောက်လိုပဲ သူက ရည်မှန်းချက်တွေကြီးတတ်သေးရဲ့။ သို့သော် သားလေးရဲ့ ရည်မှန်းချက်တွေဟာ သူ့ဖို့ဆိုတဲ့ တစ်ကိုယ်ကောင်း အတ္တစိတ်တွေမပါခဲ့တာကတော့ ကျွန်မကို ကံကြမ္မာက ပြန်ပေးတဲ့ လက်ဆောင်ပေ့ါ။

ခုတော့ ဩဘွဲ့ညို ဆယ့်ရှစ်နှစ်ပြည့်ပြီး။ ဩဘွဲ့ညိုရဲ့ အပြုံးတစ်ခုတည်းကို ဆုပ်ကိုင်ပြီး ကျွန်မ ရှင်သန်ခဲ့ရတဲ့ အချိန်ကလည်း ကျွန်မရဲ့ သက်တမ်း ဆယ့်ရှစ်နှစ်ပါဝင်ခဲ့ပြီပေ့ါ။

"မေကြီး ... ဘာတွေ တွေးနေလဲ... သားခေါ်နေတာကြာလှပြီ"

"ဩော်... သားလေး ... ဘုရားသွားဖို့ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်"

“လာပြီ…သား”

“မေကြီး… ပိုက်ဆံအိတ်ယူမလို့ ထုတ်ထားတာမို့လား”

သားက… သူမရဲ့ မှန်တင်ခုံပေါ်က ပိုက်ဆံအိတ်ကို ဝေ့ကြည့်ပြီး သတိပေးသည်။ ဟုတ်ပါရဲ့။ ဘယ်တော့မှ ဘယ်အရာကိုမှ မမေ့လျော့တတ်တဲ့ ကျွန်မ ဒီနေ့မှာ အယောင်ယောင် အမှားမှားတွေ ဖြစ်နေပါပေါ့လား။ သားက ယောဂီရောင် သဘက်ကလေးနဲ့ နံ့သာဖြူစိတ်ပုတီးလေး ကမ်းပေးလာသည်။ လိမ္မာလိုက်တဲ့သားလေး။ ဘုရားသွားဖို့ အကြောက်အကန်ငြင်းဆန်တတ်တဲ့ တစ်စုံတစ်ယောက်နဲ့တော့ ကွာပါ့။

ကျွန်မ ကားသော့ကောက်ကိုင်တော့ သားလေးက ကျွန်မရဲ့ လက်ဖမိုးကို ဆုပ်ကိုင်ပြီး…

“မေကြီး ဒီနေ့ သားအသက် ဆယ့်ရှစ်နှစ်ပြည့်ပြီ… သားကားမောင်းလို့ရပြီလား”

သားကို မွေးပြီး လူမှန်းမသိတတ်ခင် လူမမယ်ကလေးတည်းက သားဟာ ကားတွေကို အင်မတန်သဘောကျတတ်သလို ငယ်စဉ်ကတည်းက သားအတွက် ဝယ်ပေးရတဲ့ ကစားစရာ ဟာလည်း မော်တော်ကား အရုပ်မျိုးစုံပါပဲ။

ဆယ့်ရှစ်နှစ်မပြည့်လို့ ယာဉ်မောင်းလိုင်စင်မရသေးတဲ့ သားဟာ တော်ရုံ ကားပျက်တာ လောက်တော့ ကားဘော်ဒီရုံသွားစရာမလိုအောင် မော်တော်ကားဆိုတဲ့ အရာကို စိတ်ဝင်တစား ရရှိခဲ့တာဟာလည်း တစ်စုံတစ်ယောက်နဲ့ တူလို့ပဲပေါ့။

“သားမှာ လိုင်စင်မရှိသေးဘူးလေ… သားလေးရဲ့ အခုမှ အသက်ပြည့်တာဆိုတော့ မနက်ဖြန် လိုက်စင်သွားလုပ်ပေးမယ်… လိုင်စင်ရမှ မောင်းရမယ်”

“ဆယ့်ရှစ်နှစ်လုံးလုံး ကျွန်မဟာ သားကို ဒါမလုပ်ရဘူးဟု တရားသေပုံစံမျိုးဆုံးမခဲ့တယ်။

သားလေးကလည်း ကျွန်မရဲ့ နှုတ်ထွက်စကားတွေကိုပဲ အတည်လို့ မှတ်ခဲ့ရှာတယ်လေ။ ကျွန်မ ကံကောင်းတာပေ့ါ။

ကျွန်မ ကားကို စပြီး မောင်းထွက်လာတော့ သားက CD playerထဲ CD တစ်ချပ်ထည့်ပြီး ခပ်တိုးတိုးလေးဖွင့်လိုက်တယ်။

ပြီးတော့ အရင်ကထက်ပိုပြီး လေးနက်နေတဲ့ ကျွန်မမျက်နှာကို မသိမသာ အကဲခတ်နေခဲ့တယ်။

“ဘုရားက… ပြန်မှပဲ ပြောကြတော့ပေ့ါ သားရယ်…”

“သားရဲ့ မွေးနံထောင့်ဖြစ်တဲ့ တနင်္ဂနွေထောင့်မှာ သားအတွက် ရေသက်စေ့ပန်းသက်စေ့ ပူဇော်ပေးတယ်။ သားမှအစပြု၍ တနင်္ဂနွေသားတိုင်း၊ သုံးဆယ့်တစ်ဘုံသားတိုင်း စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာပါစေလို့ တောင်းနေကျဆုကိုပဲ တောင်းပေးလိုက်တယ်။

သားက ငြိမ်းချမ်းတဲ့ မျက်နှာလေးနဲ့ ဘုရားရှိခိုးနေရှာတယ်။ သား ဘုရားရှိခိုးနေတုန်း သားဘေးကနေ သားနဲ့အတူ ဘုရားရှိခိုးလိုက်တယ်။ ပြီးတော့မှ သူမ မွေးနံထောင့်ဖြစ်တဲ့ ရာဟုထောင့်ကို သွားကြတယ်။ သားက သူမကို ရေသက်စေ့ ပန်းသက်စေ့လှူပေးပြီး သူမက ဘုရားရှိခိုး ပုတီးစိပ်ပေ့ါ။

ပြီးတော့ ဖွင့်ပြောစရာမလိုဘဲ သားအမိနှစ်ယောက် တနင်္လာထောင့်ကိုပြိုင်တူ လျှောက်လာ ကြတယ်။

ဘုရားတက်တိုင်းဘယ်တော့မှ တနင်္လာထောင့်ကို ချန်မထားတတ်ခဲ့တာ သားမမွေးခင် နှစ်နှစ်လောက်ကဆိုတော့ ခုဆိုအနှစ်နှစ်ဆယ်ရှိခဲ့ပြီလေ။

တနင်္လာထောင့်ရောက်တော့…။

“ကဲ…သားရေ… ရေသပ္ပာယ်ပေးလိုက်ပါ”

သားက သူမကို ရီဝေစွာ ကြည့်လာရှာတယ်။ ထူးဆန်းတဲ့ မျက်ဝန်းရိပ်တွေနဲ့လေ တကယ်တမ်းက နှစ်စဉ်နှစ်တိုင်း တနင်္လာထောင့် တာဝန်ကို သူမပဲ ယူခဲ့တာမို့လား။

“လေးဆယ့်သုံးခွက်လား… မေကြီး”

တဲ့ ဘုရားရေ. သားမှတ်ထားတယ်ပေ့ါ။ သူမဟာ ဘုရားရောက်တိုင်း တနင်္လာလာ ထောင့်မှာ ရေအမြဲလှူခဲ့ပေမယ့် ဘယ်နှစ်ခွက်ဆိုတာကိုတော့ သားမသိဘူးထင်ခဲ့တာ။ ဟုတ်တာပေ့ါ သားရယ်။ ခုတို တစ်စုံတစ်ယောက်က လေးဆယ့်သုံးနှစ်တိတိ ပြည့်တော့မည်။

သားကို ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်တယ်။

နောက်ဆုံး တစ်ခွက်ကို သားက တိုးတိုးလေး ဆုတောင်းပြီး လောင်းလိုက်တယ်။

“တနင်္လာသားမှ အစပြုပြီး တနင်္လာသားသမီးအပေါင်း သုံးဆယ့်တစ်ဘုံသားအပေါင်း စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာကြပါစေ။…”

“တဲ့…။ ကျွန်မရင်ထဲမှာ လူမသိ သူမသိ မျက်ရည်တစ်ပွင့် ကြွေသွားတယ်။ သူ့အတွက် သားလေး ဆုံတောင်းပေးနေရှာတယ်လေ။

“သား… ဒီကနေ့ကစပြီး ဘုရားတက်တိုင်း တနင်္လာထောင့်မှာ ပူဇော်ပေးရမယ်နော်…”

“ဟုတ်ကဲ့ … မေကြီး…”

သားက သိချင်သော မျက်လုံးလေးဖြင့် ကြည့်လာသော်လည်း ဘာမှ မမေးရှာပါ။ မေကြီး ပြောပြမှာပါ သားရယ်။

ဘာလို့ အဖြူရောင်သစ္စာတွေနဲ့ပဲ ဖြတ်သန်းခဲ့ရသလဲဆိုတာကို

ပြောပြမှာပါ။

ဘုရားကပြန်တော့ Oriental House မှာ Breakfast ဝင်စားကြတယ်။ ပြီးတော့ ကြိုတင်စီစဉ်တဲ့ အတိုင်း Birthday Cake ကလေးကို ဆိုက ပြင်ဆင်ပေးထားတယ်။

သားကတော့ ဒီနှစ်မွေးနေ့ကိတ်တွေ ဘာတွေနဲ့ ဖြစ်နေတာကို မျက်ခုံးပင့်နေခဲ့တယ်လေ။

“Gappy Birthday သားလေး ...”

“ကျေးဇူးပဲ ... မေကြီး”

သားက ကျွန်မ လက်ဖမိုးထဲကို သူ့လက်တိုးဝင်ပြီး ကိတ်လှီးဖို့ ဓားကို လှမ်းယူလိုက်တော့ ကျွန်မကလည်း သားရဲ့ လက်ကို အလိုက်သင့် ဆုပ်ကိုင်ပေးလိုက်တယ်။

သားက ကိတ်ကို လှီးလိုက်တော့ အောက်ထိလှီးလို့မရဘဲ တစ်စုံတစ်ရာက ခံနေတယ်။ ဆက်မလှီးတော့ဘဲ သူမကို ကိတ်မုန့်ခွဲ့လိုက်တယ်။ ပြီးမှ ကိတ်မုန့်ကို ဓားနှင့် မွှေနှောက် ရှာဖွေသည်။

ခရင်မ်တွေ လူးနေတဲ့ ကားသော့ တစ်ချောင်း။

“ဝိုး... မိုက်တယ်ကွာ... မေကြီးကို ချစ်လိုက်တာ”

ပြီးတော့ သားက ကတုန်ကယင်သံနှင့် ဆက်ပြောသည်။

“သား ရင်ဘတ်ကြီးပေါက်ထွက်တော့မယ်... မေကြီး ... ဒီနေ့ မေကြီးဆီက Surprise တွေရတယ်... အဲဒီ Surprise တွေမှာ ပျော်ရွှင်မှုတွေချည်းပဲတော့ မဖြစ်နိုင်ဘူးဆိုတာလည်း သိနေတယ်... ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သား မေကြီးကို ကျေးဇူးတင်တယ် သိလား”

“သားက သူမနဲ့ကပ်လျက် ထိုင်ခုံကို ရွှေ့ထိုင်ပြီး သူမ လက်မောင်းမှာ

မျက်နှာကပ်ကာ ပြောလေသည်။

♥♥♥

ဒီနေ့ သားမွေးနေ့မို့ သူမရဲ့ ရွှေဆိုင်ကို ပိတ်ထားလိုက်ပြီး အိမ်ကို ပြန်လာကြသည်။

သားရော သူမပါ အဝတ်အစားလဲပြီး ဧည့်ခန်းဆိုဖာမှာ ထိုင်ကြတော့… သားက သူမကို ငေးမောနေသည်။

“သား… ကားကို ဂိုဒေါင်ထဲမှာ ထားပေးထားတယ်… ကြည့်ချင် သွားကြည့်လေ …”

“ဂျစ်ကားစုတ်စုတ်လေးပေ့ါ”

“စစ်ကြိုခေတ်က ကားဆို ပိုတောင်ကောင်းဦးမယ် … မေကြီးရဲ့…”

သားက ပြုံးပြုံးလေး ပြန်ပြောနေသည်။ ကျွန်မရင်ကဖြစ်တဲ့ သားကလေး ကျွန်မ ဘာပဲလုပ်လုပ် အကောင်းမြင်သည်။ ကျွန်မဟာ သူ့အတွက် ဟီးရိုးဖြစ်နေသတဲ့လေ။

“ကဲ… သားလေးရေ… မင်း တစ်သက်လုံး မေးခဲ့တဲ့ မေးခွန်းကို မေကြီးဖြေမယ်နော်… မေကြီး သစ္စာပန်းကို နှစ်သက်စွာ အမြဲတမ်း သုံးဖြစ်ခဲ့တာက မေကြီးဟာ အဖြူရောင် သစ္စာတရားကို မြတ်နိုးလွန်းလို့ပေ့ါ သားလေးရယ်”

မေကြီး တစ်စုံတစ်ယောက်အပေါ် သစ္စာထားခဲ့တယ်။ ဒါပေမယ့် အဲဒီ သစ္စာတရားမှာ ဘာမှ မပါဘူး။ ပြန်လည် မျှော်လင့်ခြင်းလည်း မပါဘူး။ သစ္စာရှိစွာ စောင့်နေတာမျိုးလည်း မဟုတ်ဘူး။ မေကြီးရဲ့ အချစ်အတွက် မေကြီးရင်ဘတ်ထဲက မေတ္တာတရားအတွက် မေကြီး သစ္စာထားခဲ့တာ မိန်းမကောင်း ပန်းပန်တစ်ပွင့်တဲ့။

ဒါပေမယ့် မေကြီးဟာ အဲဒီ ပန်းကို လူသိရှင်ကြား ပန်ခဲ့ရတာ တောင် မဟုတ်ပေမယ့် ကေသာထက်ကို ရောက်ခဲ့ဖူးတဲ့ ပန်းတစ်ပွင့်အတွက် မေကြီး သစ္စာရှိခဲ့တာပဲ။

"အဲဒီ တစ်စုံတစ်ယောက်ဟာ... တနင်္လာသားပေ့ါနော်...မေကြီး..."

"ဟုတ်တယ်..."

"သားရဲ့ ဖေကြီးပေ့ါ..."

ဖေကြီး။ ကြည့်စမ်း သားလေးရဲ့ ရင်ထဲမှာ ဒီလိုဝေါဟာရက ကိန်းအောင်းနေခဲ့တာပေ့ါ။ သူမကတော့ သားနှုတ်ခမ်းစိုရဲရဲလေးက ထွက်ကျလာတဲ့ ဒီစကားလုံးကို အံ့သြနေပေမယ့် သားရင်ထဲမှာ ဒီစကားက တော်တော်ကြာခဲ့ပြီပေ့ါ။

သူမ ခေါင်းကို ဆတ်ခနဲ ညိတ်ခဲ့ပြီး...

"ဟုတ်တယ်... သား ... ဖေကြီးပေ့ါ..."

အဲလို ရေရွတ်မိလိုက်တာတောင် ကျွန်မရင်ဘတ်ထဲမှာ နွေးထွေးသွားခဲ့တယ်။ ဒါပေမယ့် ခုချိန်မှာ သူသာရှိရင် ဆိုတဲ့အတွေးမျိုးတော့ ယောင်လို့တောင် မစဉ်းစားခဲ့မိတာ သေချာတယ်။ ကျွန်မ သူ့ကို မတမ်းတခဲ့တာ ဆယ့်သုံးနှစ်ရှိပြီ။ မညာဘူးယုံ။

"ဖေကြီး နာမည် ဘယ်သူလဲ မေကြီး..."

"ဦးကိုကိုလေ...သားရဲ့"

"ဒါဆို သားရဲ့ မွေးစားရင်းထဲက နာမည်က အမှန်ပဲပေ့ါ"

"သေချာတာပေ့ါသားရဲ့... သားရဲ့ မွေးစာရင်းထဲမှာရော ကျောင်းအပ်တော့ သားဖခင် နာမည်ထည့်တာရော အမှန်အတိုင်းပဲထည့်ပေးခဲ့တာပါ... သူ့ကို နာကျင်လို့ သားကို ဖခင်အမည်မှားစေမယ့် သူထဲမှာ မေကြီးမပါဘူး သား"

"သား မသိလို့ မေးမိတာပါ… မေကြီး"

"ရတယ် သား … သားရင်ထဲမှာ ဘာတွေဖြစ်နေလဲ… ဘာတွေခံစားနေရလဲ မေကြီးကို အကုန်ပြော… ဘာသိချင်လဲ… အကုန်မေးလို့ရတယ်"

"ဖေကြီး… ဘယ်မှာလဲ"

သူမက ပခုံးတွန့်ပြပြီး…

"မေကြီး မသိဘူးသား… သူဘယ်မှာလဲလို့ မသိခဲ့တာ သားကို ကိုယ်ဝန်ရှိတဲ့အချိန် ကတည်းကပဲ…"

"ဖေကြီးနဲ့မေကြီး ဘာလို့ ကွဲသွားတာလဲ… ဒါမှမဟုတ် ဖေကြီးလူ့လောကမှာ မရှိတော့တာ မျိုးလား…"

"လူ့လောကမှာ ရှိသေးလား… မရှိတော့ဘူးလားဆိုတာ လဲမသိဘူး…. သားရယ်… သေချာတာကတော့ မေကြီးဟာ တစ်စုံတစ်ယောက်ရဲ့ ချစ်သူရည်းစား ဘဝနဲ့ပဲ စွန့်ပစ်ခံလိုက် ရတဲ့ မိန်းမတစ်ယောက်ပါ…"

"ဗျာ…"

"ဟုတ်တယ်သား…. အဲဒါကြောင့် သားကို ဒီအကြောင်းတွေ မပြောပြခဲ့တာပေါ့… ဒီနေ့တော့… သားအသက်ဆယ့်ရှစ်နှစ်ပြည့်ပြီ… ပြောလို့ရပြီ… သား လူကြီးမဖြစ်သေးတာ တောင်မှ အရွယ်တော့ရောက်လာပြီ… အမှန်နဲ့ အမှားကို ခွဲခြားတတ်လာပြီ… အဲဒီ တော့ မေကြီးကို မေကြီးရဲ့ လုပ်ရပ်တွေ မှန်သေးလား မှားခဲ့သလား… ခွဲခြားပေးပါဦး… သားရယ်"

"သားက … အဖေမပေါ်ဘဲ မွေးတဲ့ သားပေါ့"

"အဖေပေါ်ပါတယ်… သားအဖေ ဦးကိုကိုလေ… ဒါပေမယ့် လူရှေ့သူရှေ့မှာ သားအဖေကို ဆွဲထုတ်ပြခွင့် မရခဲ့ဘူး…. သားရယ်"

သားကအံ့တစ်ချက်ကြိတ်သည်။ လက်သီးကျစ်ကျစ်ကလေးက တဆတ်ဆတ်တုန် နေသည်။

သူမ သားရဲ့ နိဒါန်းကို စီကာစဉ်ကာ ပြန်ပြောရမည်။

"ဘာပဲဖြစ်ဖြစ်… အဖေဟာ အဖေပဲသား…. အဲဒါ ခေါင်းထဲ စွဲအောင်မှတ်ထား…."

♥ ♥ ♥

# သစ္စာတော်(၁)
# သို့မဟုတ်
# ညြဘွဲ့ညိုရဲ့ နိဒါန်းအစ

သူမ နာမည် သဲသဲလို့ပဲ ထားလိုက်ပါတော့။ ပြီးတော့ သူမရဲ့ တစ်စုံတစ်ယောက်ဟာလည်း ကိုကိုလို့ပဲ သတ်မှတ်ပြီး ဒီဇာတ်လမ်းကို ဆက်ကြည့်ပါရစေ။

သူမက… နယ်တက္ကသိုလ်မှာ ကျောင်းပြီးတယ်။ ကျောင်းပြီးတော့ ရန်ကုန်တက်လာပြီး ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်တယ်။

ဝင်လုပ်တယ်ဆိုတာကလည်း လုပ်ချင်လို့ လုပ်တာ။ လုပ်ချင်လို့လုပ်တာဆိုတာကတော့ သိတယ်ဟုတ်။ မလုပ်နေရ စားဝတ်နေရေးကြောင့် မဟုတ်ဘဲ လုပ်ချင်လို့လုပ်တာ။

ဘာကြောင့် လုပ်ချင်ရတာ လဲ ??

သူမက ငယ်စဉ်ကတည်းက ရည်ရွယ်ချက်ကြီးမားတယ်။ သူမ ကြီးပွားတိုးတက်ချင်တယ်။ နယ်မှာ မိဘတွေရဲ့ မရိုး ဖလာ လှေကြီးထိုးရိုးရိုးတွေကို အားမရဘူး။ အဲဒီ လှေကို အင်ဂျင်တပ်ပြီး သာသာယာယာ ကျော်ဖြတ်ချင်တာ။

ထို့ကြောင့် သူမ အလုပ်လုပ်ပြီး အတွေ့ အကြုံကို အချိန်နဲ့ လာဝယ်ယူတာ။

ထားပါတော့…

အဲဒီ လို ကုမ္ပဏီမှာ လုပ်တော့ ကုမ္ပဏီကပေးတဲ့ မိန်းကလေးဆောင်မှာ နေတယ်။ မိန်းကလေးဆောင်ဆိုပေမယ့် သိတယ်ဟုတ်။

ဒီခေတ်… အဆောင်ခန်း ကျဉ်းစုတ်စုတ်ကလေး မဟုတ်ဘူးပေ့ါ။ ကိုယ့်ကုမ္ပဏီရဲ့ Image ပြင်ပေးပြီး အသုံးအဆောင် အပြည့်နဲ့ကို ထားပေးတာ။

အဲဒီ မှာ မိန်းကလေး ငါးယောက်နေရတယ်။ မန်နေဂျာကစပြီး ရိုးရိုးအရောင်းဝန်ထမ်းအထိ အမျိုးမျိုးပဲ(ရာထူးကိုပြောတာပါ)။

အားလုံးက နယ်ကလာတဲ့ သူတွေ။ ပြီးတော့ အပျိုကြီး အပျိုလေးတွေ ချည်းပဲပေ့ါ။

ဒါပေမယ့် ပြဿနာတော့ မရှိပါဘူး။ အဆောင်စည်းကမ်းတွေ ထုတ်တဲ့အတိုင်း အလိုက်သင့် အဆင်ပြေပြေပါပဲ။

ထူးခြားတိုက်ဆိုင်မှု တစ်ခုတော့ ရှိတယ်။ အားလုံးက ရည်းစားတစ်ခုလပ် နှစ်ခုလပ်တွေပေ့ါ။

ရည်းစား တစ်ယောက်ပြတ်၊ နှစ်ယောက်ပြတ်ကိုပြောတာပါ။

ပိုရှင်းအောင် ပြောရရင် လက်ရှိမှာ အားလုံး ရည်းစားလက်မဲ့။

ဒါပေမယ့် အားလုံး ရည်းစားထားချင်ကြတယ်။ မိဝေး ဖဝေး ရန်ကုန်မြို့ကြီးမှာ နီးရာလူကို ဆွေမျိုးလို သဘောထားပြီး ခင်တွယ်နေရတော့ သိတဲ့အတိုင်း ကိုယ့်အပေါ် ရင်းနှီးနွေးထွေးတဲ့ ရည်းစားလေး တစ်ယောက်လောက် ရှိချင်ကြတာပေ့ါ။ ပြဿနာက အဲဒီ မှာ နံပါတ်တစ်နဲ့စတယ်။

ရည်းစားကမရှိ၊ မီးကပျက်တော့ (ဘာမှလည်းမဆိုင် သို့သော်....)ရုံးကပြန်လာရင် နီးစပ်ရာ ထမင်းကြော်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင် စတာတွေမှာ သွားပြီး ညနေစာကို ဖြေရှင်းရတယ်။ နေ့လယ်စာက ရုံးမှာ ကျွေးတာကိုး။

တကယ်လို့သာ အဲဒီ နေ့က ရှမ်းခေါက်ဆွဲ သွားမစားဖြစ်ခဲ့ရင်၊ တကယ်လို့သာ သဲသဲ တစ်ယောက် မိဘလက်ငုတ်လက်ရင်းကို လျှော်ကြီးထိုးရိုးရိုးပဲ ဆက်လုပ်ခဲ့မယ်ဆိုရင်။ တကယ်လို့ သာ အဲဒီ နေ့က ငယ်သူငယ်ချင်းနဲ့ ပြန်မတွေ့ခဲ့ရင်...”

♥ ♥ ♥

"ဟာ… မိသဲ … မိရွှေသဲ"

"ဟယ်… ကိုထင်ပါလား… ဟယ်… ကိုထင်… ကြည့်စမ်း… ထင်ကို မထင်ထားဘူး…"

"ငါက …နင့်ရုပ်ကြီး မသဲကွဲခင်ကတည်းက နင့်အသံ မှတ်မိပြီး ခေါ်လိုက်တာဟ…"

"ဟယ်… ကိုထင်ကြီး ကြည့်စမ်း… ရန်ကုန် ဘယ်တုန်းက ရောက်လဲ… ဘာတွေ လုပ်နေလဲ… ကျောင်းပြီးကတည်းက ကွဲသွားပေမယ့် သတိတွေရနေတာ…"

"အေးဟ… ငါ အခု တရားသူကြီး စာမေးပွဲလာဖြေတာဟ အခု အဖြေရသေးဘူး … သင်တန်းတွေ အရင်တက်နေတာ"

"ကောင်းတာပေ့ါ…"

"နင်ရော"

"သဲက( ) ကုမ္ပဏီမှာ လုပ်နေတယ်"

"ဟုတ်လား… Good တာပေ့ါ… နင်က အလုပ်နဲ့အကိုင်နဲ့ ဆိုတော့ ငါတို့ကို မုန့်ကျွေးရမယ်"

ကိုထင့်နောက်မှာ ကိုထင့်အရွယ် ကောင်လေးသုံးယောက်။ ကျွန်မဘက်မှာ ဖြူ တစ်ယောက်ပဲ ပါတယ်။ ဖြူက … အဆောင်ကပဲလေ။ ကျွန်မနဲ့ တွဲဘက်အညီဆုံးပေ့ါ။

"ကျွေးပါတယ်… ကိုထင်ရယ်… ဒီမှာ သဲတို့ ရှမ်းခေါက်ဆွဲစားမလို့…"

“ဟဲ ဟဲ ...စားတော့စားမယ်... နောက်မှ”

“ဟော့ကောင်... ကိုထင် ကြာတယ်ကွာ... လေကြောမြန်မြန်ဖြတ်... မိကျောင်းသမီးနဲ့ လာတွေ့နေတယ်...”

ကိုထင့်ကို ပြောပြီး နောက်ဆက်တွဲကို ခပ်တိုးတိုး ရွတ်လိုက်တာ။ ဒါပေမယ့် ကျွန်မက ကြားဖြစ်အောင် ကြားလိုက်ပြီး ကိုထင့် သူငယ်ချင်းသုံးယောက်ဘက်လှည့်ကာ စူပုတ်ပုတ် တစ်ချက်ကြည့်လိုက်၏ ။

“အေးဟာ... စကားပြောကောင်းပေမယ့် ငါတို့ သွားစရာ ရှိသေးလို့... သြော်...နင့်ကို ဖုန်းနံပါတ်ပေးခဲ့မယ်... မိသဲ ... ငါ့ဖုန်းတော့ မဟုတ်ဘူး... သူငယ်ချင်းအခန်းကဖုန်း... ဒါပေမယ့် ငါ အဲဒီ မှာ ရှိတာများတယ်... ငါမရှိလည်း မှာလို့ရတယ်...”

ကိုထင်က ဖုန်းနံပါတ်ကို ရွတ်ပြသည်။

“မှတ်ရလွယ်ပါတယ်ဟာ... နင်မှတ်မိတယ် မို့လား”

“အင်း... မှတ်မိတယ်... သြော်...ကိုထင်... သဲ ဖုန်းလည်း မှတ်သွားလေ...”

“အေး... ပြော...”

“အဆောင်ဖုန်းက (xxxxxxxxx) သြော်... ကုမ္ပဏီကဒ်ပါတယ်... အဆောင်ဖုန်းကိုလည်း ဒီနောက်ကျောမှာ ရေးလိုက်မယ်... ရုံးချိန်ပြင်ပဆိုရင်တော့ အဆောင်ကို ဆက်လို့ ရတယ်...”

အေးပါ... ငါဆက်လိုက်မယ်... သွားပြီ မိသဲ”

“ဟုတ်...”

တကယ်ပါ။ ကိုထင်နဲ့သာ စကားတွေပြောနေတာ ကိုထင့်နောက်ကကောင်းတွေကို ဖြူသလားမဲသလားတောင်မကြည့်ခဲ့ဘူး။ ကိုထင်ရဲ့

သူငယ်ချင်းတွေကလည်း အဲလိုပဲတဲ့။ ကျွန်မတို့လို ပုံတုံးတောသူတွေကို ( ရန်ကုန်ရောက်ကာစ တောကျီးကန်းဒီဇိုင်းလေးတွေမို့) သူတို့ ကလည်း အရေးတယူ မရှိခဲ့ကြပါဘူး။ သို့သော်....။

♥♥♥

“သဲသဲ... ဖုန်းလာတယ်”

နံနက် ခုနှစ်နာရီ ဆိုတာ သဲသဲ အိပ်ရာထဲမှာပဲ ရှိသေးတာပါ။ သေချာတာက မေမေ ဆက်တာပဲ ဖြစ်ရမယ်။

အိမ်မှာဆို ငါးနာရီလောက်ဆို တစ်အိမ်လုံး နိုးနေတတ်ကြပြီလေ။ ပြီးတော့ မေမေက သဲ နေမြင့်အောင် အိပ်ရင် မကြိုက်ဘူး။ အဲဒါကြောင့် မနက်စောစောတွေမှာ တစ်ခါတစ်ရံ ဖုန်းလှမ်းဆက်တတ်တယ်။ ပြီးတော့ သဲတို့ မြို့လေးမှာက လက်လှည့် အိတ်ချိန်းဖုန်းပဲ ရှိသေးတာမို့ နံနက်စောစောခေါ်မှ ဖုန်းလိုင်းက အလွယ်တကူခေါ်လို့ရတာ လည်း ပါတာမို့။ ဒီအချိန်ဆက်ရင် မေမေပဲ။

“ဟဲလို... မေမေ... သမီးနိုးနေပါပြီ”

“ဗျာ.... ကိုထင်... ခင်ဗျားဟာက ဘာတွေပြောနေတာလဲ မသိဘူးရော့...”

“မေမေထင်လို့ ပြောလိုက်တာ ကောင်လေးတစ်ယောက်အသံ ကြားလိုက်ရလို့ လန့်သွားတယ်။

“မိသဲ... ငါပါဟ...”

ကိုထင်ရဲ့ ဂါကွဲကွဲ အသံကြီး ထွက်လာမှပဲ.

“မသိဘူးလေ... ဒီအချိန်ဆို အိမ်က ဆက်နေကျဆိုတော့”

“အေး… ငါ မနေ့က နင်တို့ရုံးကို ခေါ်တယ်ဟာ… ဒါပေမယ့် နင်တို့ ရုံးဖုန်းက တစ်ချိန်လုံး မအားဘူး… အဲဒါကြောင့် အခု အဆောင်ကို ခေါ်လိုက်တာ.. ငါတို့ ဒီနားမှာ ကျော်ကြား မုန့်ဟင်းခါး လာစားတာဟ… နင်ပါ လာစားပါလား”

“အဟီး… သဲမျက်နှာတောင် မသစ်ရသေးဘူး”

“ညစ်ပတ်မ… ကဲ…လာမှာလား… မလာဘူးလား…. ရုံးက ဘယ်အချိန်သွားရမှာလဲ…”

“ရုံးက ကိုးနာရီမှာပါ… အိုကေလေ… ကိုထင်… သဲလာခဲ့မယ်…”

ဖုန်းချပြီး အမြန်မျက်နှာသစ် အဝတ်အစားလဲကာ ထွက်လာခဲ့လိုက်တယ်။

“ဖြူ… လိုက်ဦးမလား… လိုက်ခဲ့ပါလား…”

Morning Exercise လုပ်နေသော ဖြူက ခေါင်းတစ်ခါခါ ငြင်းနေသည်။ ချွေးတရွှဲရွှဲဖြစ် နေလို့တဲ့။ သူမ ရေချိုးပြီးအောင် မစောင့်နိုင်တာနှင့်ဘဲ တစ်ယောက်တည်း ထွက်လာခဲ့လိုက်သည်။

သုံးဆယ့်ခုနစ်လမ်းထိပ်က ကျော်ကြားမှာ ကိုထင်နှင့် ကောင်လေးတစ်ယောက်။ ကောင်လေး ဆိုပေမယ့် သူမတို့ အရွယ်လောက်ပဲ ထင်ပါရဲ့။ ဟိုနေ့က သူမကို မိကျောင်း သမီးပြောသွားတဲ့ သူလည်း ဖြစ်နိုင်တာပါပဲ။

“လာထိုင်… မိသဲ…”

သူတို့ရှေ့မှာ အရာမယွင်းသေးတဲ့ မုန့်ပွဲကိုယ်စီနှင့်…

“သဲကို စောင့်နေတာလား… အားနာစရာကြီး… ကိုထင်ရယ်… စားနှင့်ရောပေ့ါ…”

“ရပါတယ်ဟာ… နင့်ကို တမင်စောင့်နေတာ…”

"မယုံနဲ့… အစ်မ …အဲဒါ သုံးပွဲမြောက်"

"ဟိတ်ကောင်… မင်းလည်း အတူတူပဲ"

"ဘုရားရေ… တကယ်ကြီး သုံးပွဲလား"

သူက သူမရဲ့ တကယ်ကြီးလို့ သုံးနှုန်းတာကို မျက်ခုံးပင့်နေသည်။ သူမကလည်း သတိပြုမိလိုက်ပါသည်။

"မိတ်ဆက်ပေးရဦးမယ်… မိသဲ… ဒီကောင့်နာမည်က… ကိုကို… ဒါင့်ါသူငယ်ချင်းပဲ… သဲပုတဲ့"

အရပ် ငါးပေသာရှိသော ကျွန်မကို ကိုထင်က ငယ်ကျိုးငယ်နာဖော်ရှာသည်။

"အောင်မယ်… အီးပေါလောနော်"

ကိုထင်ရဲ့ Law မေဂျာကို ကျွန်မ ပြန်နှက်လိုက်တာပါ။ ဒါပေမယ့် သူကတော့ တော်တော်ရွှံ့ တတ်ပုံရတာ မုန့်ပန်းကန်ကို ချလိုက်သည်။

"ဟယ် ဆောရီး…"

"ရပါတယ်…"

ထို့နောက် ကျွန်မနဲ့ ကိုထင်က ရောက်တတ်ရာရာတွေ နောက်ကြောင်း ပြန်နေကြတော့ သူက Mp3 ထုတ်ပြီး Ear Phone တပ်လိုက်သည်။

"ဟဲ့… နင် မစွံသေးဘူးလား… မိသဲ…"

"မစွံပါဘူးကွာ… ကိုယ်ကပဲ တွေ့တယ်… ကိုယ့်ကိုတော့ မတွေ့ကြပါဘူး… ဟားဟား"

"ကျွန်မ တဟားဟား ရယ်နေတာကိုလည်း ကောင်လေးက မျက်မှောင်ကြုံ့သည်။ ကျွန်မက သူတို့ ရန်ကုန်အထာမှ မဟုတ်တာကိုး။ ကိုထင်က

လေသံကို နှိမ့်ပြီး…

“သဲ … ဒီကောင်လည်း ရည်းစားလက်မဲ့ဟ…”

“တော်ပါဟာ… ကြားသွားဦးမယ်…”

“မကြားပါဘူး… Ear Phone တပ်ထားပါတယ်ဟ….”

“ဒီလို ပုံဆိုးပန်းဆိုးကို စာရင်းထဲ မထည့်ဘူး…ကိုထင်ရဲ့”

“ဩော်..ဟုတ်ကဲ့… အစ်မက တော်တော်ပုံလာရှာတာကိုး….”

“အယ်…။ သဲ လျှာတစ်လစ်ဖြစ်သွားသော်လည်း ထိုလျှာတစ်လစ်နောက်မှာ သူ့ကို ဒေါသထွက်တာတွေ ဆင့်ကဲ လိုက်ပါလာသည်။

“အေး ငါတို့တောသူတွေက နင်တို့ရန်ကုန်သူတွေလောက်မပြင်မဆင်တတ်ပေမယ့် မပြုမပြင် ပင်ကိုယ်အလှနဲ့ ယဉ်ဆိုသမှပဲနော်”

“ဟုတ်မှာပေါ့… ဒါကြောင့် ရန်ကုန်မှာ ယင်ကောင်တွေပေါလာတာ ဖြစ်ရမယ်…”

ကိုထင်က ရယ်နေရင်းမှ…

“တော်ကြပါတော့ဟာ… နင်တို့က ကလေးတွေကျနေတာပဲ…”

သူမ မျက်စောင်းထိုးတော့ သူက ပြုံးစိစိနှင့် စိန်ခေါ်သလို မျက်လုံးကို မှေးစင်းစင်းပုံစံ တမင်လုပ်ထားလိုက်တော့ ကျွန်မသူ့ကို တော်တော်အမြင်ကတ်သွားသည်။

“ငါ ဒီညနေ… မြို့ပြန်မှာဟ …နင်ဘာမှာဦးမလဲ”

“ပဲရေပွကြော်…. ဝယ်ခဲ့ပေးပါလား… လက်ဖက်နဲ့နှစ်ပြန်ကြော်ရော…”

“အေး… ဝယ်ခဲ့ပေးမယ်… နင့်အိမ်ရော ဘာမှာမလဲ”

“မမှာတော့ဘူး… ကိုထင် နေ့တိုင်းနီးပါး ဖုန်းဆက်ဖြစ်တယ်…”

“အေးပါ….”

ကိုထင်တို့ပနဲ့ လမ်းခွဲကာနီး….။

“အစ်မကြီး…. မျဉ်းကျားကူးရင် သတိထားကူးနော်”

“မောင်လေးသာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကားပေါ် မရောက်ပါစေနဲ့ကွာ….”

“လာတော့ လာသားပဲ ”မှတ်ချက်ချသံ တိုးတိုးသဲ့သဲ့။

***

ညက ပိန်းပိတ်မှောင်နေသည်။ မီးကလည်း ပျက်နေတာမို့ အဆောင်တစ်ခုလုံး အိပ်မောကျနေသည်။ နာရီလက်တံတွေအားလုံး ဆယ့်နှစ်ဂဏန်းမှာ ရပ်တဲ့သွားချိန်။

ဖုန်း မြည်သံက ကျယ်လောင် စူးရှစွာ ထွက်ပေါ်လာသည်။

“ဟဲ့… ညကြီးသန်းခေါင် ဘယ်ဖုန်းပါလိမ့်”

အားလုံး အိပ်မှုန်စုံမွှားနှင့် လန့်နိုးလာကြသည်။ Caller ID တပ်ထားသည်မို့ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ မမြင်ဖူးသော နံပါတ်တစ်ခု….။

မန်နေဂျာ မမက ဖုန်းကို ကောက်ကိုင်လိုက်၏ ။

“ဟဲလို…”

တစ်ဖက်မှ ဘာမှ ပြန်မထူး။

“ဟဲလို…ဟဲလို…”

“မသဲနဲ့ စကားပြောချင်လို့ပါ ခင်ဗျာ”

မန်နေဂျာ မမက စူပုတ်ပုတ်ဖြင့်...

"အရေးကြီးလို့လား..."

"ဟုတ်ကဲ့ပါ"

"ရော့... သဲသဲ...ရှင့်ဖုန်း"

"ဘုရားရေ ... သမီးဖုန်း... ဘယ်သူ ဘာဖြစ်လို့ပါလိမ့်"

ကျွန်မရဲ့ ထုံးစံအတိုင်း ရေရွတ်မြည်တမ်းပြီးမှ ဖုန်းကို လက်လွှဲယူလိုက်သည်။

"ဟဲလို..."

"မသဲလား"

"ဟုတ်ကဲ့... ဘယ်သူလဲ မသိဘူး"

"ကျွန်တော့်အသံကိုတောင် မမှတ်မိဘူးလား... မသဲရယ်"

"ကျွန်မ မသိဘူးရှင့်.... ဘယ်သူပါလဲ"

"ကိုကိုပါ..."

"ကိုကို... သြော်...ရှင်ကိုး... ဒီမှာ ဘာကိစ္စလဲ... ဒီအချိန်ကြီး ဆက်ရအောင် ဘာများအရေးကြီးနေလို့လဲ"

"သြော်... အရေးကြီးတာ မကြီးတာ မဆိုင်ဘူးလေ... ကျွန်တော် အခုပြောစရာရှိလို့ ဆက်တာပေ့ါ...."

"ဘာလဲ...ပြော..."

"ညနေက ကိုထင် ပြန်လာတယ်... မသဲအတွက် လက်ဖက်တွေလည်း ဝယ်လာတယ်... ဒါပေမယ့် ညရှစ်နာရီလောက်ကပဲ သူ့အိမ်က ဖုန်းလှမ်းဆက်လို့

ပြန်သွားတယ် ဘာကိစ္စလဲတော့ မသိဘူး... အဲဒါ မသဲအတွက် ဝယ်လာတာတွေ ကျွန်တော့်ဆီမှာ ထားသွားတယ်ဗျာ.... မနက်ဖြန်မှ လာပေးမယ်နော်... အဲဒါ ပြောချင်လို့"

"သေလိုက်ပါလား... အဲဒါ အရေးကြီးတဲ့ ကိစ္စမှ မဟုတ်တာ... ညဆယ့်နှစ်နာရီကြီး ဆက်ရမယ့် ကိစ္စမှ မဟုတ်တာ... ရှင်ဟာလေ အသိကိုမရှိဘူး... ဒါ မိန်းကလေး ဆောင်ရှင့်..."

သူမကသာ ပြောနေတာ သူ့ဘက်တော့ အကြာကြီး တိတ်ဆိတ်နေခဲ့ပြီးမှ....

"မသဲ... စကားပြောတာက ... ရန်ကုန် လေသံမဟုတ်လို့လားမသိဘူး... တစ်မျိုးလေးပဲ နားထောင်လို့ကောင်းတယ်...."

"ကဲ... ဒါပဲမို့လား... ဖုန်းချတော့မယ်"

"ဟာ... နေပါဦး...."

"တော်ပြီ..."

"ဂွပ်..."

ဖုန်းချပြီးတော့ မန်နေဂျာရဲ့ မျက်နှာထိ မျက်နှာထားနှင့် ကြည့်တာကို ခံရသည်။

"သဲသဲ... နောက်ဆို အရေးမကြီးတဲ့ ဖုန်းတွေကို အချိန်မရှိ အခါမရှိ မဆက်ခိုင်းပါနဲ့... ပြီးတော့ ဒါက ရုံးဖုန်း...အများနဲ့နေတာ...တွေ့ကရာလူကို ဖုန်းနံပါတ် လိုက်မပေးနေနဲ့"

ကြည့်စမ်း ။ဒီလူ့ကြောင့် အပြောခံရတာ ။ ဒီလူနဲ့ ပတ်သက်မိလို့ ဒီလိုအဖြစ်မျိုးတွေ ရှိလာတာ။

(တကယ်တော့ ကျွန်မ မရိပ်မိခဲ့တာပါ။ စကတည်းက

ယဉ်သလိုဖြစ်နေခဲ့တာကိုက ကံကြမ္မာက ကျွန်မကို သတိပေးခဲ့တာလေ။ ဒါပေမယ့် ကျွန်မကတော့ ယောင်လို့တောင် မရိပ် မိခဲ့ဖူးတဲ့) အဲဒီ ညက သူများတွေ အလျှိုအလျှို ပြန်အိပ်ပျော်သွားခဲ့ပေမယ့် ကျွန်မကတော့ အိပ်မပျော်နိုင်ခဲ့ဘူး။ သင်းကို ဒေါသတွေ ထွက်နေတာလေ။ မနက်ဖြန်ကျရင် သင်းကို အပြတ်ကောပစ် ရမယ်လို့ စိတ်ထဲမှာ တွေးထားမိသည်။

ကျွန်မ ခုတင်ပေါ်မှာ လူးလိမ့်နေတာကို ရိပ်မိသော သူငယ်ချင်း ဖြူက…

"သဲ… အိပ်မပျော်ဘူးလား… အိပ်မပျော်ရင် ကျော်နီ့အကြောင်း စဉ်းစားလေ"

"တော်ပါဟ …နင့်ဂေါက်သီးက စိတ်ဝင်းစားစရာ မကောင်းပါဘူး….ငယ်ငယ်က ဖတ်ရတဲ့ ကာတွန်း ဇာတ်ကောင်ကို လေးပွရုပ်နဲ့…."

"ခိခိ… သဲသဲကတော့လေ…"

"ဟုတ်တယ်… ဆံပင်ပုံစံကအစ ကိုလေးပွနဲ့ တစ်ပုံစံတည်း"

"ဟဲ့… သဲသဲနဲ့ ဖြူဖြူ ဆယ့်နှစ်နာရီခွဲနေပြီ… အိပ်ကြ…. မနက်အလုပ်သွားရမှာ…."

မန်နေဂျာဆီမှ အသံထွက်လာမှ သူမတို့ ငြိမ်သွားသည်။

ဖြူဖြူပြောမှ ကျွန်မကို သဘောကျနေသော ကျော်နီးဆိုသည့် လူသားတစ်ယောက် အကြောင်း စဉ်းစားကာ ပြုံးစိစိ။ ဟုတ်တယ်။ ကျော်နီဆိုသော သကောင့်သားကို ကျွန်မ ဘယ်လိုမှ စဉ်းစား၍ မရ။ အရပ်ကလည်း ကျွန်မထက်ပိုရင် နှစ်လက်မပေါ့။ ဆံပင်ကလည်း ငှက်သိုက်ကေလား ကိုလားပွကေလား မသိကောက်ကွေးလိမ်နေသည်။

ထိုအရပ်ပုပုကိုမှအနည်းငယ်ဝချင်သေးသည်။ကဲစဉ်းစားကြည့်။ ကျွန်မကယောကျ်ားလေးဆိုအရပ်မြင့်မြင့် ပိန်ပိန်ပါးပါး

ပုံစံမျိုးမှသဘောကျတာလေ။ ခုတော့ကျော်နီအဖြစ်ကကျွန်မ အိမ်မက်နှင့်ဆန့်ကျင်ဘက် (စိတ်ကူးယဉ်အိပ်မက်)။

ဟိုကြော်ငြာထဲကလိုပဲ...

"ဂျောင်း... ဂျောင်း ဂျာလကီးဂျောင်း"

ကျော်နီကို ဂျောင်းပြီးရင်း ကျွန်မ စဉ်းစားရမည့်သူက တစ်ယောက်ပဲရှိတော့သည်။

သူကတော့ ကျွန်မရဲ့ သူငယ်ချင်း မင်းမင်းမောင်။

ဒါပေမယ့် မင်းမောင်ကတော့ ပုံစံတစ်မျိုး သူ့ကို ကျွန်မ စတင်သိကျွမ်းရပုံက တော်တော် သင်းသည်။

သင်းဆို သူက ကျွန်မ သူငယ်ချင်းတစ်ယောက်ကို လိုက်ရင်း ကျွန်မတို့နှင့် ရင်းနှီးရ တာလေ။ ကျွန်မ သူငယ်ချင်းက သူ့ကို လက်မခံဘဲတခြားတစ်ယောက်ကို ခေါင်းညိတ်လိုက်လို့ အသည်းကွဲဖက်ရှင် ဖြစ်ခဲ့သေးတာ။

နောက်တော့ တစ်မျိုးပြောင်းလို့ ကျွန်မကို ချစ်ပြန်ဆိုပဲ။ ရင်ခုန်ရမလား။ ရင်တုန်ရမလား မသိခင်မှာ ကိုယ့်သူငယ်ချင်း ကိုယ့်ရှေ့မှာတင် အသေအလဲ ကြွေခဲ့ဖူးတာကို သတိရပြီး Get out လုပ်လိုက်ချင်သည်။ စဉ်းကို မစားချင်တော့။

တော်ပါပြီ။ သူတို့အကြောင်းတွေးနေရတာ တောင် အိပ်ရေးပျက်တယ်။ မတွေးဘဲ အိပ်တာပဲ ကောင်းတယ်။

မျက်ခွံတွေက အလိုလိုလေးလာသည်။

မျက်ဝန်းတံခါးက သံလိုက်ဖြင့် ဆွဲကပ်သလို ဖျတ်ခနဲ။

ကျွန်မ ဒီလိုအိပ်ပျော်သွားခဲ့သည်။ ဒါပေမယ့် အဲဒီ ညက မက်တဲ့ အိပ်မက်မှာ ကိုကိုက ကျွန်မကို တစ်ချိန်လုံးနှောင့်ယှက်လို့။

အတိတ်စိမ်းဆိုတာ အတိတ်ကျက်မဟုတ်လို့ပေ့ါဟု အမြဲတမ်းလှောင်ခဲ့တဲ့ ကျွန်မလေ။ အဲဒီ နိမိတ်အိပ်တွေကိုလည်းမယုံကြည်ခဲ့ဖူးကွယ်။

နောက်နေ့ မနက်ကျတော့ ညက အိပ်မက်ကို ပြန်တောင်သတိမရခဲ့။

ဒါပေမယ့် ကိုကို့ကိုတော့ ညအချိန်မတော် ဖုန်းဆက်မှုအတွက်ရော ကျွန်မကို မန်နေဂျာပြောခဲ့တာ အတွက်ရော နှစ်ဆပေါင်းပြီး ပိုဆိုးပက်စက် ပြောပစ်ခဲ့သည်။ ပိဿလေးနဲ့ နံဘေးပစ်ဆိုပါတော့။

သို့သော် ကိုကိုကတော့ မျက်နှာတစ်ချက် မပျက်ဘဲ ရယ်နေခဲ့သတဲ့ရှင်။ ပြောလိုက်တဲ့ သူမှာသာ ငပေါကြီးကို ဖြစ်လို့။

ကျွန်မနဲ့ ကိုကို အဲဒီ လို အစပြုခဲ့တယ်။

အဲဒီ လို အစပြုခဲ့လို့လည်း....။

♥♥♥

နောက်ပိုင်းလည်း ကိုကိုဟာ မကြာခဏဆိုသလို ညဆယ့်နှစ်နာရီတွေမှာ ဖုန်းဆက် တတ်လာတယ်။ ကျွန်မလည်း မကြာခဏ အဆူခံရလွန်းလို့ သူ့ကို မုန်းတောင်မုန်းလာတယ်။ ညဆယ့်နှစ်နာရီ မထိုးမချင်း ရင်တမမနဲ့ ညညတွေကို ဖြတ်သန်းလာရတယ်။

တစ်ရက် အဆောင်ကို ကိုထင် ဖုန်းဆက်လာတယ်။

“ဟဲ့... သဲပု... နင့်ကို ဟိုကောင် တော်တော်ကြွေနေတယ်ဟ... ငါ့ကို တစ်ချိန်လုံး နားပူနားဆာ လာလုပ်နေတယ်... ညကလည်း နာရီပြန်နှစ်ချက်ကြီး ဖုန်းဆက်သေးတယ်... နင့်ဆီတောင် ဆက်ချင်တာ... အားနာလို့တဲ့”

ဘုရားရေ။ တော်သေးတာပေါ့။

“သူက… အဲဒီ အချိန်ကြီး ဆက်တာ… သူ ရှုးများနေလား… ကိုထင်ရယ်…”

“အဲကောင်က အဲဒီ အတိုင်းပဲဟ… ညဘက်ဆို မအိပ်ဘူး… မနက်ဆို ဆယ်နာရီ ဆယ့်တစ်နာရီမှ အိပ်ရာထတတ်တာ”

“သူ… ဘာမှ မလုပ်ဘူးလား….”

“အလုပ်ရှာနေတယ် ပြောတာပဲ… သူက BE ဘွဲ့ရဆိုတော့ဟာ… Grand Royal လည်းမမီ…. ချက်အရက်ဆီဆင်းရမှာလည်း ခက်နဲ့ ဟဲဟဲ… လတ်တစ်လုံးခြားမှာ ယောင်ခြောက်ဆယ် ဖြစ်နေတာပေ့ါဟာ… BE နဲ့ ဘွဲ့ရ ဆိုပြီး တော်ရုံတန်ရုံ… အလုပ်ဆိုလည်း မလုပ်ချင်ဘူး… အလုပ်ကောင်းကောင်း ရဖို့ကျတော့လည်း Computer မရ Speaking ကမတတ်… ဟိုရွှေးဒီရွှေးနဲ့ ခုတော့ ယောင်တစ်ရာ့နှစ်ဆယ်နားတောင် ကပ်လာပြီ”

“အင်း… အဲဒီ လောက်တော်တဲ့… ကိုတင့် သူငယ်ချင်းကို စဉ်းစားရမယ်ပေ့ါ…”

“နိုး နိုး … မဆိုင်ဘူးဟ … အချစ်ကကျတော့ စိတ်ခံစားမှုဟာ အဲဒီ စိတ်ခံစားမှုကကျတော့ ရင်ထဲ အသည်းထဲက လာတာ… လိုက်းမကြောင်ဘူး… သူ့မှာ ဂုဏ်ဒြပ်တွေ ရွှေတွေ ငွေတွေအပေါ်ယံ အရေပြားတစ်ထောက်တွေ မရှိဘူးဟာ ပေါက်လား ငါပြောတာ…”

“မပေါက်ပါဘူး…”

“ဆက်ပြောမယ်… လူတစ်ယောက်ကို ချစ်တယ်ဆိုတာ စဉ်းစားရမယ့် ကိစ္စမျိုး မဟုတ်ဘူး… စဉ်းစားတွေးတောပြီးမှ ရလာတဲ့ အချစ်ကလည်း မစစ်ဘူး… အချစ်သန့်သန့် လေးက ရင်ထဲကအလိုလိုပေါက်ဖွားတာ ဖန်တီးယူလို့ မရသလို

ဖျက်စီး ပစ်လို့လည်း မရဘူးဟ...”

“ကိုထင်... ရှင်ကြီးက အချစ်ကို ဒဿနတွေ ဖွင့်လို့ပါလား ကေန္တ...”

“ဟုတ်... ငါ ချစ်သူရနေပြီ....”

“အံမယ်... ဒီပုံကြီးက စွံတယ်....”

“အဲဒါ... အဲဒါ... နင် ထင်နေတဲ့... ဒီပုံကြီးကို ငါ့ချစ်သူအတွက်တော့ ချစ်စရာကောင်း နေမှာဟ...”

“ကြော်ငြာမပါကြေး...”

“အေးပါ... ဟိုကောင်တော့ သွပ်နေပြီဟ... အဲဒါ နင်ဆေးလေးဘာလေး တိုက်လိုက်ဦး....”

“ဆေးမတိုက်နေတော့ပါဘူး... တစ်ခါတည်းပဲ ရှာသာကြီး ပို့လိုက်တော့မယ်လေ...”

“ကောင်းတယ်... ထင်သလို လုပ်ဟာ....”

ကိုထင် ဖုန်းချသွားပြီ။ သူ့ဆီက ဖုန်းဝင်လာပြန်သည်။

“ဟဲလို...မသဲ...”

“ဒီမှာ... ရှင် ဘာကိစ္စ... ဖုန်းဆက်ရပြန်တာလဲ”

“ဟိုလေ...ကိစ္စ... ကိစ္စမရှိရင် မဆက်ရတော့ဘူးလားမသဲရယ်...”

“မဆက်ရဘူး... ဆက်စရာ အကြောင်းကိုမရှိဘူး”

“မသဲမှာ မရှိပေမယ့် ... ကျွန်တော့်မှာ ရှိနေတယ်... မသဲ ကျွန်တော် သေတော့မယ်... ကျွန်တော် တော်တော်ရူးသွပ်နေပြီ... မသဲရဲ့”

“အဲဒါဆိုလည်း ရေဝေးနဲ့ ရှာသာကြီးကို မျှသွားလိုက်ပေ့ါရှင်”

“ဘယ်နေရာမဆို တစ်ယောက်တည်း မသွားတတ်လို့ မသဲပါ အဖော်လိုက်ခဲ့ပေးနော်....”

“သေလိုက်ပါလား....”

“ဘာလေးမှန်းလဲ မသိဘူး... တစ်ခုခုပြောလိုက်ရင်သေလိုက်... သေလိုက်ပါလားဆိုတာက ပါးစပ်ဖျားလေးတင် အဲဒီ လို ပြောတာလေးတွေကကို ချစ်ဖို့ကောင်းနေတာ သိလား...”

“ရှင်နော် ... ပါးစပ် အရှက်မရှိတိုင်း ပလီစိချောက်ချက် လျှောက်ပြောမနေနဲ့... ဒါကျွန်မ ကိုယ်ပိုင်ဖုန်းမဟုတ်ဘူး... အကြာကြီး ပြောလို့မရဘူး... ဖုန်းချလိုက်တော့မယ်နော်...”

“နေပါဦး... မသဲရယ်”

“ဂွပ်... တူ တူ တူ”

“သဲ ဖုန်းချပြီး ကိုယ့်ခုတင်ရှိရာ လျှောက်လာတော့ ခုတင်ဘေးမှာ ဖြူက လာထိုင်သည်။

“ဘယ်က ဖုန်းလဲ...”

“ဟိုကောင်ဆီကပေ့ါ”

“ကိုကိုလား...”

“ဟုတ်တယ်...”

“နင်... အဲဒီ တစ်ယောက်ကို ရှောင်နော်... သူ့ပုံစံကို ငါမကြိုက်ဘူး... ဘာကိုမှ အလေးအနက်မရှိတဲ့ ရုပ်မျိုး”

“အင်းပါ... ဖြူရယ်... ငါဆိုလည်း သူ့ကို ကြည့်လို့ကို မရတာ ... ဘယ်ဘဂက ရေစက်မှန်းကို မသိဘူး... ပြန်ကြိုက်ဖို့ ဆိုတာ ဝေးတကာဝေးပဲ...”

“ငါက နင့်ကို မင်းမောင်နဲ့ သဘောတူတယ်”

ဟင့်အင်း… မင်းမောင်လို့ စဉ်းစားတိုင်း ငှါးသူငယ်ချင်း မျက်နှာကိုပဲ ပြေးမြင်ယောင် မိတယ်… စိတ်မဝင်စားပါဘူးဟာ…ဒါပေမယ့်… ငါပျင်းနေပြီဟာ… ရည်းစားလေး တစ်ယောက် လောက်တော့ ရှိချင်သား… အဆောင်သူဘဝဆိုတော့ မိဝေးဖဝေး မိသားစုနဲ့ အထီးကျန် တယ်… နွေးထွေးမယ့် ခစျှဲသူလေး တစ်ယောက်လောက်တော့ လိုချင်သား”

“အမလေး…ပေ့ါစေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးကြောင့် လေးနေပါဦးမယ်… ရှင်ရယ်… အပူမရှာစမ်းပါနဲ့”

“ငါ… ပူချင်လွန်းလို့ဟယ်… ဟီ ဟိ…”

“သဲ မျက်နှာမပြောင်စမ်းနဲ့….”

“ဗိုက်ဆာတယ်ဟာ Kyaw Gome Mart သွားပြီး ရေခဲမုန့်နဲ့ ကိတ်လေး သွားဝယ်စားရ အောင်”

“သဘော…. သဘော….”

ကျော်ထဲမှာ ပတ်နေရင်း ကျော်နီ၊ မင်းမောင်၊ ကိုကို ဘယ်တစ်ယောက်ကိုမှ သတိမရ တော့…။

ပြီးတော့ ဆူလေဘုရားဘက် လမ်းလျှောက်ထွက်ပြီး ဆူးလေဘုရားပေါ် တက်ကာ ပန်းကပ်ရေလှူပြီး ဘုရားရှိခိုးဖြစ်ကြသည်။ အဆောင်ပိတ်ကာနီးမှ ဘုရာက ပြန်ဖြစ်သည်။

ဘုရားရိပ် တရားရိပ်သာ အေးချမ်းရာဟု သဘောပေါက်ထားပါလျက်၊ ကံကံ၏ အကျိုးဟု သဘောပေါက်ထားပါလျက်… ပူမယ်မှန်း သိပါလျက် တစ်ခါတစ်ရံ မီးနှင့် တူသောအရာတို့ကို ပိုးဖလံယောင်ဆောင်၍ …။

♥ ♥ ♥

ရုံးက ပြန်လာ၍ အဆောင်ရှေ့မှာ ဖယ်ရီရပ်လိုက်သည်နှင့် သူမကို စောင့်နေသော ကိုကို့ ကို တွေ့လိုက်ရသဖြင့် ရှုံ့မဲ့သွားသည်။

"မသဲ..."

"ဘာလဲ... ဘာကိစ္စလဲ"

"မသဲကလည်းဗျာ... ကျွန်တော့်ကို တွေ့တာနဲ့ ဒေါနချည်းပဲ... စံပယ်လေး နှင်းဆီလေး လုပ်ပါဦး"

"ဒိတ်အောက်နေတဲ့ စကားလုံးတွေ လာသုံးမနေနဲ့"

"အရိုးဆုံး အဆန်းဆုံးပဲတဲ့... မသဲရဲ့"

"ကဲ... ကျွန်မ ခုမှရုံးက ပြန်လာတာ... နားချင်နေတယ် ရှင်သွားတော့..."

"မရက်စက်ပါနဲ့ မသဲရယ် ... မျက်နှာလေး မြင်ချင်လို့... လာစောင့်နေတဲ့သူကို..."

"ပလီပလာနဲ့ရှင်ညာတိုင်းယုံနေမယ့်ကလေးအရွယ်မဟုတ်မဟုတ်တော့ဘူး ကဲ ရှင်လာတာ အကြောင်းမဲ့ သက်သက်ဆိုရင်တော့ ကျွန်မ ဧည့်မခံနိုင်ဘူး... သွားတော့"

"အချစ်ဆိုတဲ့ လေးနက်ခိုင်ကျည်တဲ့ အကြောင်းအရာကြီး ရှိနေပါရက် အကြောင်းမဲ့ သက်သက်လို့ ပြောရက်တယ်...မသဲ... ကျွန်တော် လာတာအချစ်ကြောင့်ပါ....."

အဲဒီ အချိန်မှာ တကယ်ပဲ သူ့မျက်နှာက လေးလေးနက်နက်ဖြစ်နေခဲ့ပါတယ်။ ကျွန်မလည်း သူ့ သရုပ်ဆောင်မှုမှာ

အငိုက်မိသွားခဲ့ပါရဲ့။ တကယ်ပါ သူ့ရဲ့ ပရိယာယ်တွေကို ကျွန်မ ယုံကြည်မိသွားပါတယ်။ ဒါပါပဲ မိန်းမတွေဟာ ဒီအားနည်းချက်ကြောင့်ပဲ အမြဲဒုက္ခရောက် ရတာ ပါပဲ။ ယုံလွယ်တဲ့ အားနည်းချက်လေ။

ကျွန်မ ငြိမ်သွားတာကိုကြည့်ပြီး သူပိုအတင့်ရဲလာတယ်။

"မသဲ…ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် အအေးဆိုင်ဖြစ်ဖြစ် ခဏလောက် လိုက်ခဲ့ပါလား… ကျွန်တော် မသဲကို ရင်ဖွင့်စရာရှိလို့… ကျွန်တော် အမှန် အတိုင်းပြောချင်နေတဲ့ ကျွန်တော့် အားနည်းချက်ကို လိုက်နားထောင်ပေးပါလား…."

အားနည်းချက်။ သူ့အားနည်းချက်ဆိုပါလား။ သူ့ရဲ့ မာယာစကားဟှက်ကို သိချင်ဇောပြင်းပြစွာနဲ့ ကျွန်မ လက်ဖက်ရည်ဆိုင်ကို ညာပြီးအခေါ်ခံရပါတယ်။ ဒါပေမယ့် အဲဒီ အချိန်ကတော့ အဲဒါဟာ သူ့ရဲ့ ပရိယာယ် တစ်မျိုးကို ကျွန်မ မသိခဲ့ပါဘူးရှင်။ မသိခဲ့လို့လဲ…။

လက်ဖက်ရည်ဆိုင်ရောက်တော့…

"မသဲ… ကျွန်တော် ရည်းစားတစ်ယောက် ထားခဲ့ဖူးတယ် အဲဒါ ဝန်ခံချင်လို့…"

"တစ်ယောက်နောက်မှာ သုညဘယ့်နှလုံးပေါင်းရမှာလဲ"

"ဟာ… မဟုတ်တာ မသဲရယ်… တကယ်ပဲ Only one ပါ"

"အဲဒါ… ကျွန်မက ဘာလုပ်ရမှာလဲ…"

"ကျွန်တော် အချစ်ရေး ကံမကောင်းဘူး… မသဲ… သူ ကျွန်တော့်ကို ပစ်သွားတယ်…"

"ပစ်သွားတယ်ဆိုတဲ့က ပစ်သွားအောင်… ရှင်လုပ်လို့ နေမှာပေ့ါ…"

"တကယ်… ဘာအကြောင်းမှန်းမသိရဘဲ အပစ်ခံလိုက်ရတာ ပါ… သူ့ကို

... မသဲ သိမှာပါ... မသဲတို့ တက္ကသိုလ်က သချ်ာကွင်းလေ...”

“ဟယ်... သူလား... သူက အေးအေးလေးပါ...”

“ဟုတ်တယ်... အေးတယ်... အေးလွန်းလို့လား မသိပါဘူး....ကျွန်တော်နဲ့ကြိုက်နေရက်နဲ့... သူ့အိမ်က ပေးစားတဲ့ သူနဲ့ ယူသွားတယ်... ကျွန်တော် ဘယ်လိုတောင်းပန် တောင်းပန်လို့ မရဘူး... သူ ရက်စက်တာလေ...”

ကိုကိုက ပြောမယ်ဆိုရင် ရုပ်ရည်ချောမောတဲ့ စာရင်းမပါပါဘူး။ ဒါပေမယ့် သူ့မျက်နှာမှာ စွဲဆောင်မှုတစ်ခုခု ရှိသလိုပဲ။ ဒါကြောင့်လည်း သချ်ာကွင်းနက သူ့ကို ကြိုက်ခဲ့တာနေမှာပေါ့။ အဲဒီ အချိန်မှာ ကျွန်မအဲလိုပဲ ရိုးရိုးသားသား တွေးခဲ့မိတယ်။ သူ့ဘက်မှာ အပြစ်ရှိလို့ သူမ ထားခဲ့တာပါလို့ ဘာလို့ မတွေးခဲ့ပါလိမ့်။ သချ်ာကွင်းက လှလို့ သူ့ကို မယူတာ။ သူ့ထက်သာတဲ့သူ တွေ့လို့ မျက်နှာပြောင်းသွားတာလို့ ဘာလို့ ယုံကြည်ခဲ့ပါလိမ့်။ ကိုကိုနဲ့ ကျွန်မမှာ ကိုကိုက ထောင်ချောက်ဆင်ခဲ့သူ ဆိုရင်တောင် ထောင်ချောက်ထဲကို တိုးဝင်မိသူက ကျွန်မလေ။ ကျွန်မမှာ အပြစ်ရှိပါတယ်။

“မသဲ... ကျွန်မတော် တော်တော်ခံစားလိုက်ရတယ်.... သုံးနှစ်ရှိပြီ... သူ့ကို ကျွန်တော် မေ့နိုင်တာသိပ်မကြာသေးဘူး... ပြီးတော့ ရုပ်ချောတဲ့ မိန်းမတွေဆို သစ္ဆေလို ကြောက်သွားပြီ... အဲလိုပြောလို့ မသဲ စိတ်မဆိုးနဲ့နော်... မသဲကရုပ်ချောတဲ့ အထဲမှာ မပါဘူး... ဒါပေမယ့် ချစ်စရာကောင်းတယ်”

“ချစ်စရာကောင်းတဲ့ မိန်းမကလည်း တစ္ဆေနဲ့တူနေရင် ဘယ်လိုလုပ်မလဲ...”

“ဒါဆိုရင်တော့ ကျွန်တော့်ကံပဲပေ့ါ... မသဲရယ်”

ပြောသာပြောရတာ ကျွန်မ စိတ်ထဲမှာ သူ့အပေါ်သွတ်နူးနေခဲ့တာ ကိုယ်တိုင်အသိဆုံးပါ။

“ဒါဆိုရင် ရှင့်ရဲ့… ရည်းစားဦး အချစ်ဦးသူကို… ရှင် ခုထိသတိရနေတုန်းပေါ့….”

“ကျွန်တော် မသဲကို မညာချင်ဘူး… မညာချင်လို့လည်း ဖွင့်ပြောတာပေါ့… ကျွန်တော် ဝန်ခံလက်စနဲ့ ဆက်ပြီးဝန်ခံပါတယ်…. ကျွန်တော် သူ့ကို တစ်ခါတလေ သတိရတုန်းပဲ… သူ့ကို ကျွန်တော် တော်တော်ချစ်ခဲ့တာလေ… ဘယ်မေ့မှာလဲ မသဲရယ်… သူ ကျွန်တော့်ကို ထားသွားခဲ့တုန်းကဆိုရင် ကျွန်တော် ဒူးထောက်ပြီးတော့ကို တောင်းပန်ခဲ့တာ… ဒါပေမယ့် မရဘူး.. တော်တော် အသည်းမာတယ် သွေးအေးအေးနဲ့ ရက်စက်တယ်ဆိုတာ သူ့လို မိန်းမမျိုးပဲ သူတစ်ယောက်ပဲ တွေ့ဖူးခဲ့တယ်…သူက အဲလို မိန်းမမျိုးလေး…. ကျွန်တော် ယောကျ်ားတန်မဲ့ မျက်ရည်တောင် ကျခဲ့တာ….”

“သူ့ရဲ့ ဆွေးမြေ့စွာပြောနေပုံကို ကရုဏာသက်မိသွားတဲ့ ကျွန်မမှာပဲ အပြစ်ရှိပါသည်။

တစ်ပါးသော မိန်းမကို ရက်ရက်စက်စက် ချစ်နေသူကိုမှ ဖြေသိမ့်ပေးချင်တဲ့ စေတနာ ထားမိသော ကျွန်မမှာ အပြစ်ရှိပါသည်။

“မသဲ… မသဲဟာ ကျွန်တော့်ရဲ့ အချစ်ဦးမဟုတ်တဲ့အတွက် စိတ်မကောင်းပါဘူး… ဒါပေမယ့် မသဲကို ချစ်ခြင်းတွေပေးပါ့မယ်… မသဲရယ်…”

“ရှင်… သူ့ကို မေ့နိုင်လို့လား….”

“အမှတ်အတိုင်း ဝန်ခံရရင်တော့ ဘယ်မေ့မှာလဲ… မသဲ…တစ်ခါတလေ သတိရနေဦးမှာ ပေါ့…”

“ကျွန်မက ကျွန်မ ချစ်သူဟာ ကျွန်မကို ဘေးမှာထားပြီး တခြားတစ်ယောက်ကို တမ်းတနေမှာမျိုးကို လက်မခံနိုင်လို့ ဆောရီးပါ….”

“ဘာလို့လဲ မသဲ… မသဲနဲ့ ချစ်သူတွေဖြစ်လိုက်တာနဲ့ အသိဉာဏ်ထဲမှာ

ရှိနှင့်ပြီးသား လူတစ်ယောက်ကို မေ့သွားတယ်ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ… မေ့ဖို့ကြိုးစားမယ်ဆိုတာက ပိုပြီး ယုတ္တိရှိမယ်ထင်တယ်…ကျွန်တော်က အမှန်တရားတွေပြောတတ်တော့…မသဲ အတွက် ခါးသီးနေမယ် ထင်တယ်နော်…”

ကျွန်မ သူ့ကို ငေးကြည့်နေလိုက်သည်။သူက ကျွန်မရှေ့က ကော်ဖီခွက်ကို စိုက်ကြည့်ပြီး…

“ကျွန်တော်က အစိုးရ ဝန်ထမ်းသာသမီးဆိုတော့ မချမ်းသာဘူးပေ့ါ… မသဲ… ပြီးတော့ ရုပ်ရည်ချောမောသူလည်းမဟုတ်ဘူး… အလုပ်အကိုင်လည်းမရှိသေးဘူး… ဘဂအာမခံချက် မရှိတဲ့ ယောကျ်ားတစ်ယောက်ကို မသဲ မချစ်နိုင်တာလည်း သဘာဂကျ ပါတယ်… ကျွန်တော့ကံပဲပေ့ါ… ကျွန်တော်က နှလုံးလမ်းကြောင်း မကောင်းခဲ့လို့ နေမှာပေ့ါ…”

သူ့ရဲ့ မျက်နှာက ဂမ်းနည်းရိပ်တို့ ဆင်နေသလို။ လေသံက ပြတ်တစ်လှည့် လပ်တစ်လှည့်။

မိခင်မေတ္တာရှိသော မိန်းမသား သဘာဂအရ ရင်ထဲကို တစ်စုံတစ်ရာ လာမှန်သလို ခံစားရသည်။ သူ့ကို သနားတာလား? ဝေခွဲမရပေမယ့် ရင်ထဲမှာ သူ့ကို အမြင်မကြည်စိတ်တွေ မရှိတော့တာ သေချာသည်။

“မသဲ…”

“ရှင်”

“မသဲ… ကျွန်တော့် အချစ်ကို ယုံကြည်ပေးပါနော်…ကျွန်တော် မသဲကို ချစ်တယ်… ကျွန်တော် လိမ်ပြောခဲ့ရင် အသေဆိုးနဲ့ သေပါရစေ…”

“အို… မကျိန်ပါနဲ့…”

ရင်ထဲမှာတော့ ကျိန်တာဟာ လိမ်တာပါပဲလို့ ရေရွတ်မိပေမယ့် အပြင်ပန်းကတော့ သူ့ရဲ့ ရင့်သီးတဲ့ ကျိန်ဆိုသံကို မကြားရက်ခံပါဘူး။ ဟုတ်ကဲ့

ကျွန်မအပြစ်ပါ။ ကျွန်မ အယုံလွယ်ခဲ့မိတာ မဟုတ်ပေမယ့် ကျွန်မ ယုံခဲ့မိတယ်။ အဲဒါကြောင့် အဲဒါတွေကြောင့်ပဲ သူနဲ့ ကျွန်မက ဇာတ်လမ်း ဆက်ရှည်ခဲ့ရပါတယ်။

♥ ♥ ♥

ခုတစ်လော… ကျွန်မစိတ်တွေ ရှုပ်ထွေးနေတယ်။ ကျွန်မ ဘယ်သူ့ကို ရွေးရမလဲ။

လောလောဆယ် ကျွန်မသူငယ်ချင်း မင်းမောင်က စက်ဘ်ာပူကို ထွက်သွားတာမို့ သူနဲ့က သူဖုန်းဆက်မှသာ အဆက်အသွယ်ရတာ လေ။ မင်းမောင်က တတွတ်တွတ် ဆီမန်းမန်းစမြဲ။ တစ်ခါတစ်ရံ ဖုန်းထဲကနေ ဂစ်တာတီးပြီး သီချင်းဆိုပြတတ်သေးရဲ့။ စာတွေပို့စကာဒ်တွေကလည်း တစ်လကို သုံးခါလောက် ပုံမှန်ရောက်မြဲပဲ။ ပြီးတော့ သူ စက်ဘ်ာပူမှာ ဖြစ်ပျက်သမျှ အဖြစ်အပျက်မျိုးစုံကိုလည်း ရင်ဖွင့်တတ်သေးရဲ့။

“သဲ… ငါ ဒီတစ်ပတ် အဝတ်အစားပျောက်သွားတယ်ဟာ အဲဒီ အဝတ်အစားအိတ်ထဲမှာ ဓာတ်ပုံအယ်လ်ဘမ်နဲ့ နင့်စာတွေပါသွားတာ… ငါဂမ်းအနည်းဆုံးပဲ သဲ သိလား… ငါတို့က အခန်းတစ်ခုစုပြီး နေကြတာဟာ… အခန်းက လူတွေအများကြီးနေရတာ … ဟောလ်တိုက် ဆိုတော့ လူမျိုးပေါင်းစုံပဲဟ… ယိုးဒယားတွေရော၊ အိန္ဒိယတွေရော အစုံပဲ ရွှေတွေလည်းပါတယ်… ဘယ်သူ သမသွားမှန်းမသိဘူး”

“သဲ… ငါဒီတစ်ပတ် အလုပ်ထဲမှာ စက်ဘီးပျောက်တယ်… အဲဒါ လစာထဲကဝယ်ပြီး ပြန်လျော်ရတော့မယ်… အိမ်ကို ပိုက်ဆံပို့ဖို့ လျော့ပြန်ပြီဟ”

“သဲ… ငါဒီတစ်ပတ် နေမကောင်းဘူး… ဆရာဝန်ပြလိုက်တာ တော်တော်မြောက်သွား တယ်ဟ… ဒီမှာက ဆေးဝယ်သောက်လို့လည်းမရဘူး… ဆေးဝယ်သောက်ချင်ရင် ဆရာဝန် လက်မှတ်ပါမှ ဝယ်လို့ရတာ … ငါ ဒီတစ်ပတ်အလုပ်က ခွင့်ယူလိုက်ရသေးတယ်… လစာဖြတ် ခံရဦးမှာပေ့ါ”

စသည်…စသည်ဖြင့် သူ့ထံမှ တစ်မျိုးနဲ့တစ်မျိုး မရိုးရအောင် ကြားရသော ညည်းညူမှုတွေကို ကျွန်မ စိတ်ပျက်မိတာ ဝန်ခံပါသည်။

နိုင်ငံခြားသွားတယ်ဆိုတိုင်း အထင်ကြီး စရာ မကောင်းတာကို ကြားဖူးပေမယ့် ခုတော့ လက်တွေ့ သိလိုက်ရသည်။ ဒါပေမယ့် အဆင်မပြေ ရှာတဲ့ မင်းမောင်ကို ကျွန်မ တတ်သလောက် မှတ်သလောက် နှစ်သိမ့်ပေးမိသော်လည်း သူ့ရဲ့ ညည်းညူမှုကြီးကိုတော့ ကျွန်မ တော်တော်စိတ်ပျက်ရပါသည်။

ဘဝတစ်ခုကို ညည်းညူမှုတွေနဲ့ တည်ဆောက်ချင်သော ယောကျ်ားကို ဘယ်အမျိုးသမီး ကများ အိမ်ဦးနတ်အဖြစ် ကိုးကွယ်ချင်မှာတဲ့လဲ ရှင်။

သူတစ်ယောက်တည်းတောင် ဒီလောက် ညည်းညူနေတာလေ။ အိမ်ထောင်တစ်ခုရဲ့ ဝန်တာတွေကို မညည်းမညူဘူးလို့ ဘယ်သူက အာမခံမတဲ့လဲ။ မင်းမောင်ဟာ သူ့ဘာသာ လျှော့တဲ့ အမှတ်ကြောင့် ကျွန်မ စာရင်းက အလိုလိုပြုတ်သွားခဲ့တယ်။

ဒုတိယ ကျွန်မစဉ်းစားတာက ကျော်နီဟာ မအူမလည်နဲ့မို့။ ပြီးတော့ မကြိုက်မိပေမယ့် အရင်းခံစိတ်သဘောလေးတော့ ဖြူစင်ရှာသူပါ။ ပြီးတော့ ကျော်နီဟာ ကချင်ပြည်နယ်က မြို့ကလေးတစ်မြို့မှာ မွေးဖွားကြီးပြင်ခဲ့တဲ့ တိုင်းရင်းသား ကပြားလေး တစ်ယောက်ပေ့ါ။ စကားပြောရင် ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပြတ်ပြတ်ပြောတတ်ပြီး စကားလည်း နည်းပါသည်။ တွေးကြည့်ရင် ကျွန်မသူ့ကို ခင်ပါသည်။

သို့သော် သူ့အရပ်က ငါးပေသာသာရှိသော ကျွန်မ ဒေါက်ဖိနပ်စီးလိုက်လျှင် လည်ပယ် ဖြစ်နေတာကိုတော့ စိတ်ပျက်သည်။ ပြီးတော့ သူ့ရဲ့ ရိုးသားပွင့်လင်းမှုကြီးကို မနှစ်မြို့သလို အရက်ကို ကြိုက်တတ်ပြီး မကြာခဏ သောက်တတ်တာမျိုးကိုလည်း မနှစ်သက်ပါ။ သို့သော်လည်း သူ ကျွန်မကို တကယ်ချစ်တာကိုတော့ အကြွင်းမဲ့ယုံကြည်မိပါသည်။

ထိုယုံကြည်မှုကြောင့်ပဲ ကျွန်မ ကျော်နီကို တစ်ခါတိတိ အခွင့်အရေး ပေးခဲ့ပါသည်။ ထိုနေ့က ကျော်နီက ကျွန်မကို ချိန်းတာကလည်း ကြားက သူနဲ့

ကျွန်မရဲ့ နှစ်ဖက်သူငယ်ချင်းဖြစ် သူက ချိန်းပေးတာပင်။ သူ တကယ်ချိန်းဆိုခဲ့သလား။ ကြားက မကြည့်ရက်တဲ့ သူငယ်ချင်းကပဲ ဖူးစာရေးနတ်ဝင်လုပ်သလားဆိုတာ ခုထိ စဉ်းစားမရခဲ့ပါ။

ကျွန်မကို အဆောင်မှာ လာခေါ်သည်။ ကျွန်မ ... တကယ်ပဲ သူနဲ့အတူ လိုက်သွားခဲ့သည်။

"သဲ... ဘယ်သွားချင်လဲ"

"ရွှေတိဂုံဘုရား"

ရှပ်လက်ရှည်ဖြင့် ပုဆိုးကွက်စိတ်လေး ဝတ်ထားသော သူကသာ သဘောကျသလိုပြုံးပြီး တက္ကစီကို တားသည်။

"ကျော်နီ... လိုင်းကားနဲ့ပဲ သွားရအောင်ဟာ... နင် ပိုက်ဆံကုန်လိမ့်မယ်...."

"ငါ... ဒီတစ်နေ့တော့ သုံးမယ်လို့ စိတ်ကူးပြီး အပြည့်ထည့်လာတာဟ..."

"နောက်တစ်နေ့ကစပြီး ရေသောက် ဗိုက်မှောက်နေရမယ်နော်..."

ကျွန်မ အဆောင်နေသူချင်း ကိုယ်ချင်းစာစွာပြောတော့ သူက ရယ်နေသည်။ ဘုရား ရောက်တော့ သူကံဆိုးပါသည်။ ဘာလို့လဲဆိုတော့ ကျွန်မ ဝတ်လာသော စကဒ်အရှည်က ဘေးနှစ်ဖက်မှာ အကွဲပါနေ၍ ဘုရားပေါ်တက်၍ မရ။ ဓာတ်လှေကားဂမှာ တာဝန်ရှိသူတွေက လုံချည်အသစ်တစ်ထည်ပေးပြီး လဲဝတ်စေပါသည်။ သို့သော် ကျွန်မက မဝတ်ချင်။

"ဒါဆို ဘုရားပေါ် မတက်တော့ဘူးလေ...သဲ"

"ငါ... အားနာလိုက်တာ ကျော်နီရာ..."

"ရပါတယ်..."

ဤသို့ဖြင့်ကျွန်မတို့ ရွှေတိဂုံရှေ့က မဟာဝိဇယစေတီတော်ကိုပဲ ဝင်ဖူးလိုက်ရတော့သည်။

“သဲ… ဘယ်သွားမလဲ…”

“သိဘူး…”

“ဒါဆို… ကန်တော်ကြီးထဲ သွားထိုင်မလား… ရာသီဥတုကပူတယ်… အအေးသွားသောက်ရအောင်…”

ထိုစကားတွေ ပြောပုံမှာ မျက်လုံးမပါဘဲ အလွတ်ကျက်လာသလို အသက်မဲ့ကာ ကမန်းကတမ်းနိုင်လှပါသည်။ သို့သော် ကျော်နီကို ရေမြွေဟု ယုံကြည်ထားသော ကျွန်မက ကျော်နီနဲ့အတူ ကန်တော်ကြီးထဲ လိုက်သွားခဲ့သည်။ ကျွန်မတို့နှစ်ယောက်တကယ်ပဲ ရေစပ် အအေးဆိုင်လေးမှာ အအေးသောက်ဖြစ်ခဲ့ကြပါသည်။

ဖြစ်ချင်တော့ ကျွန်မတို့ ထိုင်သည့်ခုံက ရေစပ်က ကန်ပေါင်စောင်းစောင်းလေးမှာမို့ ခုံက စောင်းနေသည်။ ကျော်နီက စိတ်လှုပ်ရှားနေပုံနှင့် အအေးပုလင်းကို တစ်ကျိုက်တည်းနှင့် ကုန်အောင် ဆက်တိုက်ကြီးကို သောက်နေသည်။ ကျွန်မလည်း ရယ်ချင်ပက်ကျိဖြင့် သူ့ကို ကြည့်နေမိပါသည်။

“သောက်လေ…သဲ…”

သူက ကျွန်မကို အအေးပုလင်း ကမ်းပေးသည်။ ဒါပေမယ့် အအေးပုလင်းကို သူ မကိုင်မိခင် သူ့လက်နှင့် ပုလင်း တိုက်မိပြီး အအေးပုလင်းအဂက ကျွန်မဘက်ကို အရှိန်ပြင်းစွာ…

“ဟာ…”

အအေးတွေက ပါမစ်ရသည့်အလား. သူမဘက်ကို ဖိတ်လျှံကျလာ၏ ။

♥ ♥ ♥

အဲဒီ လိုနဲ့ ကျွန်မ ဘဝထဲကို နူးညံ့စွာ တဖြည်းဖြည်း တိုးဝင်လာသူက ကိုကို။

ဖြူက မေးပြီ။

"ကဲ... ဘယ်လိုလဲ"

"Procare ပေါ့ဟာ"

"နင် နောက်မနေနဲ့လေ... ငါမေးတာကို အရင်ဖြေဦး... နင်ဘယ်သူ့ကို ရွေးမလဲ..."

"ငါလား... အခု ကိုကို့ကို စဉ်းစားနေတယ်"

"ငါတော့ ... သူ့ပုံစံကို မကြိုက်ဘူး သဲရယ်... သူ့ပုံက ဆိုးမယ့်ပုံပဲ ... မဖြူစင်ဘူး... နင်နဲ့ သဘောမတူဘူး"

"သူက ... အသည်းကွဲနေတာဟ... သနားပါတယ်"

"အသည်းကွဲနေရင် ပိုတောင် ဆိုးသေးတယ်... သဲ... တစ်စုံတစ်ယောက်အတွက် ကွဲပြီးသား အသည်းကို နင်ကြည်ဖြူမလို့လား..."

"ငါ ဘာလုပ်ရမလဲ... ဖြူ"

"ဘာမှ မလုပ်နဲ့... မစဉ်းစားနဲ့..."

"ငါ... သူ့ကို သနားတယ်..."

"အဲဒီ သနားတာကို ကြောက်တာ..."

"နင် သူ့အကြောင်းမသိလို့ပါ.... ဖြူရယ်... သူက တကယ်အချစ်အပေါ်

သစ္စာရှိချင်တဲ့… သူဟာ သူ့ကောင်မလေးက သူ့ထက်သာတဲ့သူနောက် ပါသွားလို့ အသည်းကွဲနေရှာတာ… ဒါတောင် သူ ဒူးထောက်တောင်းပန်သေးတာတဲ့နော်.. ငါနဲ့ဆိုရင်ရော… သူ အဲလို ဒူးထောက်မှာလား ကိုယ့်ရှေ့မှာ ဒူးထောက်မယ့် ချစ်သူတစ်ယောက်လောက်တော့ လိုချင်သေးတယ်ဟာ…”

“သွားပြီ….သဲ… နင်သူနဲ့ ပတ်သက်ပြီး တစ်ခုခုဆုံးဖြတ်တော့မယ်ဆိုရင်… နင့်ကို ငါတား တယ် ဆိုတာကို အမှတ်ရပေးပါ…”

ဖြူကို ဘာမှ ပြန်မပြောဖြစ်ပေမယ့် ရင်ထဲမှာတော့ လက်ခံလိုက်ဖို့က ရှစ်ဆယ်ရာခိုင်နှုန်း လောက် သေချာနေပြီ။ သေချာပြီးရင်း သေချာစေတာက အရိုင်းပန်းလေး သူမကို ရင်ခုန်သံ ပရမ်းပတာဖြစ်အောင် ပြုစားတတ်တဲ့ သူ့အမူအယာတွေလေ။

ဥပမာ ဖုန်းပြောတယ်ဆိုရင်…

“မသဲ… မသဲ နှုတ်ခမ်းနဲ့ စကားပြောခွက်ကို ကပ်ထားတယ်မို့လား… ကျွန်တော် ဒီဘက်ကနေ… မသဲ နှုတ်ခမ်းလေး နွေးနေတာကို ခံစားမိတယ် သိလား….”

“ဟာ… ဘာတွေပြောနေတာလဲ…”

အော်မိပေမယ့် နှလုံးသားကတော့ အရည်ပျော်နေပြီလေ။ ဝက်သားတုတ်ထိုး အရမ်းကြိုက်တဲ့ သူက ဝက်သားတုတ်ထိုးသည် မြင်တာနဲ့ ထိုင်စားဖို့ အဆင်သင့်ဖြစ်နေတတ်တာ။ တစ်ခါ တစ်ရံ စားရင်းစားရင်း ပိုက်ဆံမလောက်လို့ သူမ ဝင်ရှင်းပေးရတဲ့ အခါမျိုးဆို ပြုံးစိစိနဲ့ ကလေးအထာလေးကိုလည်း စွဲမက်ရ။ တကယ်က သူမ ဝက်သား လုံးဝမစားဘဲ သူ့ဘေးမှာ သူစားတာကို ထိုင်စောင့်ပေးရတာ လည်း ခဏခဏ။ နောက်တော့ သူက တစ်ဆင့်တက်လာကာ…

"မသဲ… ကြက်သွန်ဖြူနွှာပေး…"

"မသဲ… ငရုတ်သီးစိမ်းချွေပေး…"

မျက်စောင်းတစ်ချက်နဲ့အတူ လက်ကပါ အလိုလို လုပ်ပေးမိရက်သား။ သူ့ကို ကြည်နူးခြင်းတွေ ပေးနေရတာ ကို ကိုယ်တိုင်က သိပ်ကို ကျေနပ်ခဲ့သတဲ့ကွယ်။ ဒါက ကမ္ဘာဦး အဆက်ဆက်က ဖြစ်တည်ခဲ့တဲ့ အချစ်တဲ့လား…။

တစ်ခါတလေ သူ့မျက်နှာညှိုးနေရင် ကိုယ်ကနေမထိ ထိုင်မသာနဲ့။

"ဘာဖြစ်နေတာလဲ…ကိုကို မျက်နှာမကောင်းပါလား"

"မသဲရယ်… မေကြီး ဆူလိုက်လို့ စိတ်ညစ်လာတယ်…. ကျွန်တော့်ကို အလုပ်မရှိ အကိုင်မရှိဆိုပြီး ဖိပြောနေကြတယ် ကျွန်တော်က ကျွန်တော့်ပညာနဲ့ မကိုက်ဘဲ အလုပ်ရပြီးရော ဆိုပြီး မလုပ်ချင်ဘူး… ပြီးတော့ ကျွန်တော့်အဖေက ပြောတယ်… လောကမှာ လက်မထောင်နိုင် ရင်ထောင်နိုင်… မဟုတ်ရင် လက်ညှိုးထိုးနိုင်ရမယ်တဲ့… လက်မထောင်နိုင် လောက်အောင် မချမ်းသာတော့ … ကျွန်တော် အရာရှိဖြစ်အောင် ကြိုးစားချင်တယ်… ပြီးခဲ့တဲ့လက နေပြည်တော်မှာ စက်ရုံမှူး စာမေးပွဲ သွားဖြေတာကလည်း မအောင်ဘူး မသဲရယ်…"

ကျွန်တော်လည်း အလုပ်ရချင်တာပဲ။ မရမှ မရတာ ။ ဘယ်လိုလုပ်မလဲ။

အဲဒီ လို ညည်းညူနေတော့လည်း ကျွန်မက သူမှားတယ်လို့ မထင်တော့ ပြန်ဘူးလေ။ ယောင်တစ်ရာ့နှစ်ဆယ်လို့အများက ဘယ်လိုပင်သတ်မှတ်ပေမယ့် ကျွန်မစိတ်ထဲမှာ သူက သူရဲကောင်ဖြစ်မှန်းမသိ ဖြစ်လာခဲ့တာက အလိုက်မသိတဲ့ နှလုံးသားကြောင့်လားကွယ်။

တစ်ခါတလေကျပြန်တော့လည်း သူက သနားစရာ ကောင်းအောင် ပွင့်လင်းရိုးသားပြန် သေးရဲ့။ (အဲဒီ အချိန်က ထင်ခဲ့တာပေ့ါနော်။ ခုတော့) ကျွန်မ

မွေးနေ့တုန်းက သူ့ကို ကျွန်မ မုန့်လိုက်ကျွေးမယ်ဆိုတော့…။

“မစားချင်ဘူး… မသဲ”

“ဟင် …ရှင်က ကျွန်မ မွေးနေ့ကို မချီးမြှင့်ချင်တဲ့ သဘောလား”

“မဟုတ်ဘူး မသဲရဲ့… ကျွန်တော့်မှာ မသဲအတွက် မွေးနေ့လက်ဆောင်ဝယ်ပေးဖို့ ပိုက်ဆံမရှိလို့… ဘာမှဝယ်မပေးနိုင်တော့… မသဲကျွေးတာလည်းမစားချင်ဘူး… ကျွန်တော်က အလုပ်အကိုင် မရှိတော့ မေကြီးပေးတဲ့ မုန့်ဖိုးလောက်ပဲရတာ … မသဲရဲ့”

ဥာနကြီးတစ်ခုက အရာရှိကြီးရဲ့သား။ တိုက်နဲ့ကားနဲ့ သူဌေးသားရဲ့ ညည်းညူမှု။ နယ်ကနေ အဆောင်မှာ လာနေရတဲ့ အ,နုံအ,အမ ကျွန်မက ကရုဏာတွေသက်နေခဲ့ပြီး သူပွင့်လင်း ရှာတယ်လို့ သဘောတွေ ကျနေခဲ့သတဲ့ရှင်….”

အဲဒီ လို မိုးသားပြာတဲ့ တနင်္ဂနွေတစ်ခုမှာ ကျွန်မသူ့ကို အဖြေပေးဖို့ ဆုံးဖြတ်လိုက်တယ်။

“မသဲ… ဒီဆန်းဒေး ကော်ဖီတိုက်ပါ…”

“အင်း…”

မဟာဗန္ဓုလပန်းခြံလမ်းမှာရှိတဲ့ Mr. Brown Café မှာ ကျွန်မတို့ Ice Coffee တူတူသောက်ဖြစ်ကြတယ်။ အကြံအစည်ရှိနေတဲ့ ကျွန်မက ရင်တွေ ခုန်ရလွန်းလို့ ကော်ဖီ ကိုတောင် အရသာ မခံနိုင်ခဲ့ပါဘူး။ သူက အဖြေတတွတ်တွတ် တောင်းနေပေမယ့် သူ့ကို အဖြေပေးပါ့မယ်ဆိုတဲ့ ကျွန်မ ဘယ်ကဘယ်လို စရမှန်းတောင် မသိဘူး။ ပါးစပ်ဖြေဖို့ကိုတောင် အဆင်မပြေဘူး။ ခေါင်းညိတ်လိုက်ဖို့ကိုလည်း မဝံ့မရဲ။ ရင်ခုန်ရှက်ရွံ့ခြင်းတွေနဲ့ ကော်ဖီဆိုင်က ပြန်လာခဲ့ရတာ ။

ကော်ဖီဆိုင်က ပြန်လာတဲ့ လမ်းတစ်လျှောက်မှာလည်း တကယ်ပဲ ကျွန်မ သူ့ကို အဖြေပေးဖို့ ကြိုးစားပါသေးတယ်။ နောက်ဆုံး အဆောင်ရှေ့ကို ရောက်တဲ့ အထိဆိုပါတော့။

အဆောင်ရှေ့ရောက်တော့ ကျွန်မ လုံးဝဆုံးဖြတ်လိုက်တယ်။

`အင်း` လို့ ခေါင်းညိတ်ပြီးတာနဲ့ အဆောင်ထဲ ပြေးမယ်ပေါ့။ အရဲစွန့်ပြီး...

"ကိုကို..."

"ပြောလေ... မသဲ...မသဲ တစ်ခုခုပြောစရာရှိပုံပဲ"

ကိုကို့ကို ချစ်တယ်လို့ ပြောဖို့ ပါးစပ်ပြင်ရုံရှိသေး။

"သဲသဲ... ပြန်လာပြီလား... စာရောက်နေတယ်... ရှင့်အိမ်က..."

အဆောင်မှူးက အပြင်သွားဖို့ ဖိနပ်စီးရင်း လှမ်းအော်လိုက်တာမို့ တွန့်သွားပါတယ်။ ထပ်ပြီး ပြောမယ်ပြင်တော့အဆောင်မှူးက အဆောင်ပြင် ထွက်လာပြီး တက္ကစီစောင့်နေပါတော့တယ်။ ကဲ ဒီနေ့ရော...။

"သဲသဲ... အဆောင်ထဲရောက်ရင်
နီနီနေမကောင်းတာသွားကြည့်ပေးဦးနော်"

ဟုနီနီ့ကို စိတ်မချစွာ မှာနေသေးရဲ့. အဆောင်မှာက မိသားစုတွေလို တစ်ဦးကိုတစ်ဦး ကြည့်ရှုစောင့်ရှောက်ရတာ မဟုတ်လား။

"ကဲ... ကိုကို ပြောစရာရှိလို့... ညကျရင် ဖုန်းဆက်လိုက်သိလား..."

"အင်း... ဘယ်အချိန်လဲ..."

"ရပါတယ်... အဆင်ပြေတဲ့ အချိန်သာ ဆက်လိုက်ပါ"

အဲဒီ လိုနဲ့ ညအတွက် အားယူခဲ့ရပြန်တယ်။ ကျွန်မဟာ အဲဒီ

အချိန်တုန်းက အဲဒီ လွဲနေတဲ့ ကြမ္မာအလွဲကို မရိပ်မိခဲ့ဘူးတဲ့လေ။

အဆောင်ထဲရောက်တော့ နီနီက အဖျားတက်နေတယ်။ ဒါနဲ့ပဲ နီနီကို ဆေးခန်းလိုက်ပို့ ရပြန်ရော။ ရန်ကုန်မြို့က ဆေးခန်းတွေရဲ့ ထုံးစံအတိုင်း တုံကင်ကြိုမယူမိတော့ တမေ့တမော စောင့်ရရော ညကိုးနာရီကျော်မှ အဆောင်ပြန်ရောက်တယ်။ သိတယ်။ သူ့ဆီက ဖုန်းလာမယ် ဆိုတာ။

"သဲသဲ... နင့် သူငယ်ချင်းက မမိုက်ဘူးဟာ ..."

ဖြူက လာပြော၏ ။

"ဘာလို့လဲ... ကိုကို့ဆီက ဖုန်းလာလို့လား..."

"ဟုတ်တယ် Caller ID မှာ သူ့နံပါတ်ပေါ်လာကတည်းက ငါကိုင်လိုက်တာ... အဲဒါ ကိုင်ကိုင်ချင်းပဲ မင်းလိုမိန်းမမျိုးကို လုံးဝသောက်ဂရုမစိုက်ဘူး... အထင်လည်းမကြီးဘူး လာမကျွေးနဲ့ Heart မထိဘူး... ဘာညာနဲ့ စုံနေတာပဲ"

"ဟင် ....သူက အဲလိုပြောတယ်..."

"ဟုတ်တယ်... ငါလည်း ရုတ်တရက်ဆိုတော့ ဘာပြန်ပြောရမှန်းမသိဘူး.... သတိရလို့ ပြန်ပြောမယ်လုပ်တော့... သကောင့်သားက ဖုန်းချသွားရော... သူပြောချင်ရာ တရားရေလွှတ် ပြောပြီး ချသွားတာ... ဘယ်ရမလည်း...ငါလည်း သူ့ဖုန်းကို ပြန်ခေါ်ပြီး ကော်ပစ်လိုက်တယ်"

"ဘာပြောလဲ"

"ဖြောင်ငြင်းတယ်လေ... သူမခေါ်ဘူးတဲ့ နင်မယုံရင်လာကြည့်... Caller ID မှာ သူ့ဖုန်းနံပါတ်ပေါ်နေတယ်"

တကယ်ပဲ သူခေါ်ထားပါတယ်။ ဖြူ ပြောသလိုမပြော မသေချာပေမယ့် သတကယ်ပဲ ခေါ်ထားပါတယ်။

ထိုစဉ် ဖုန်းမြည်သံက စူးရှကျယ်လောင်စွာ ထက်ပေးလာသည်။ သူ့ဖုန်းနံပါတ်ပဲပေ့ါ။သူမ သိလိုဇောနဲ့ အလျှင်စလို ထူးလိုက်မိ၏ ။

“ဟဲလို”

“သဲ… ကျွန်တော်ပါ…”

“ကိုကို …ရှင်ဘာတွေ ပြဿနာရှာထားလဲ…”

“ဟာ … သဲ အထင်မလွဲပါနဲ့ သဲရယ်… ကျွန်တော် ရှင်းပြမယ်… ကျွန်တော် ရှင်းပြတာကို ဆုံးအောင်နားထောင်ပေးပါ… သဲရယ်… နော်”

“ပြော… ရှင် ဘာဆင်ခြေပေးမယ်လဲလို့ နားထောင်ကြည့်မယ်…”

“ဟာ … ဆင်ခြေမဟုတ်ပါဘူး… အမှန်ပြောမှာပါ…. ဒီလိုသဲရဲ့ ခုန သဲဆီ ကျွန်တော် ဖုန်းခေါ်မလို့ပဲ သဲဖုန်းနံပါတ်ကို နှိပ်လိုက်မိတယ်ကွာ… နှိပ်ရင်းနဲ့ သဲ သူငယ်ချင်းကို ဆေးခန်းပို့ရင် ရှိမှာမဟုတ်ဘူးဆိုပြီး ဖုန်းကို ပြန်ချလိုက်တယ်ကွာ… ဒါပေမယ့် ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ဖုန်းကို ယူပြီး ကျွန်တော်နဲ့ မတည့်တဲ့အဖွဲ့က ကောင်မလေးတွေနဲ့ ဖိုက်ထားတယ်… အဲဒါကို ကျွန်တော်မသိဘူး… လက်ဖက်ရည်ဆိုင်မှာ ဖုန်းချထားတုန်း.. သူက ခေါ်လိုက်တာ… ပြီးတော့ ကျွန်တော်က … သဲ အဆောင်ဖုန်းကို နှိပ်ပြီး ပြန်ချလိုက်တယ်… သူ့ဆီကို ကောင်မလေးတွေဆီက ဖုန်းကထပ်ဝင်လာတယ်… ထပ်ဝင်လာပြီး ချသွားတော့ ဟိုကောင်က Redial ကို ပြန်နှိပ်လိုက်တာ… အဲဒါ ကျွန်တော်ခေါ်ထားတဲ့ မသဲတို့ အဆောင်ဖုန်းဖြစ်နေရော… သူကလည်း မသိဘူး… တစ်ဘက်က မိန်းကလေးသံကြားတာနဲ့ စွတ်ကောလိုက်တော့…”

“ရှင့်ပုံပြင်ကလည်း တော်တော်အကွက်စေ့တာပဲနော်”

“တကယ်ပါ…. သဲရာ… မယုံရင် သဲကို သက်သေပြမယ် အဲဒီ သူငယ်ချင်း အခုရှိတယ်… သူနဲ့ ပြောကြည့်… ရော့ ဟိုတ်ကောင် မင်းစတဲ့ ပြဿနာ

မင်းပြန်ရှင်းပေး…”

သူမ ဘာမှမပြောရသေးခင် ဖုန်းကတခြားတစ်ယောက်လက်ထဲ ရောက်သွားပြန်သည်။

“ဟဲလို… အစ်မ ခုန ကျွန်တော် လူမှားပြီး ပြောလိုက်တာပါ… ခင်ဗျ… ကျွန်တော် တောင်းပန်ပါတယ်… ကိုကို ပြောတာ မဟုတ်ပါဘူး… ကျွန်တော်ပါ… အစ်မတို့မှန်း မသိဘဲ ပြောမိတာပါ… တကယ်ပါ တောင်းပန်ပါတယ်”

“သူမ ဖုန်းကို ချပစ်လိုက်တယ်။ သူတို့ပြောတာဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်မ လွဲနေသော ကံကြမ္မာကို တော်တော်လေး မုန်းသွားတယ်။

ဒီနေ့ ကျွန်မ သူ့ကို အဖြေပေးဖို့ ရည်ရွယ်ထားပါတယ်ဆိုမှ အားလုံး အမှားမှားအယွင်းယွင်း တွေချည်းဖြစ်နေတယ်လေ။(အချစ်ကို အဲဒီ ကတည်းက ကျွန်မရိပ်မိခဲ့သင့်တယ်။ ကံကြမ္မာ အလွဲ ကိုလေ)။

အဲဒီ ညက ကိုကို့ဆီက ဖုန်းတွေ အဆက်မပြတ်ဝင်လာလွန်းလို့ နောက်ဆုံး ဖုန်းပလပ်ပါ ဖြုတ်လိုက်ရတယ်။ ကျွန်မကို အဆောင်မှူးကလည်း ဆူလိုက်တာ။

“နောက်ကို အဆောင်သူတွေ အဆောင်ဖုန်းနံပါတ်ကို မိဘကလွဲပြီး ဘယ်သူမှ ပေးခွင့်မရှိဘူး… မိဘကလွဲရင် ဘယ်ဖုန်းကိုမှ ခေါ်မပေးတော့ဘူး”

ဟူသော အသစ်စက်စက် စည်းကမ်းကြီးကို ထုတ်ပြန်လိုက်သည်အထိ ကျွန်မ ပြစ်မှုကြီးမားသွားတော့သည်။

(တကယ်ဆို ကျွန်မကို ကံတရားက ကြမ္မာဆိုးကနေ လမ်းလွှဲပေးခဲ့ပါသေးရဲ့။ ကျွန်မကိုယ်တိုင်က ကြမ္မာဆိုးထဲကိုမှ တည့်တည့်ကြီး မရအရ တိုးသွားခဲ့တာလေ)။

ဖြူက တတွတ်တွတ် သတိပေးနေခဲ့သည်။

"သဲ... အဲဒီ အကောင်က ဇယားရှုပ်ရှုပ်နဲ့... နင်မပတ်သက်ပါနဲ့တော့ဟာ နော်... တော်ကြာ မအူမလည် ရိုးရိုးအအနဲ့ ခံရမှစိုးလို့ပါ..."

ဖြူကို အလွယ်တကူ ခေါင်းညိတ်ပြလိုက်ပေမယ့် ရင်ထဲမှာတော့ သူပြောတဲ့ ဖုန်းမှားတာပါဆိုတဲ့ ဆင်ခြေကို လက်ခံပြီးသားဖြစ်နေခဲ့ပြီလေ... အဲလိုနဲ့ပဲ ဆက်ရန်တွေ ဖြစ်လာခဲ့ပေ့ါကွယ်။

နောက်ရက် သူ လာတောင်းပန်တော့ ကျွန်မ ကျေအေးလိုက်ပြန်တာပဲ။

"ရပါတယ်... ကိုကို လုပ်တာမှ မဟုတ်ဘဲ... မတော်တဆ တိုက်ဆိုင်သွားတာပဲ... ကျွန်မ နားလည်ပါတယ်"

"ဟား... ဝမ်းသာလိုက်တာ မသဲရယ်... ကျွန်တော်က မသဲစိတ်ဆိုးသွားမှာ အရမ်းကြောက်တာ...."

"ကဲ... ညကျရင် ဖုန်းစောင့်နေ... ကျွန်မ ဖုန်းဆက်လိုက်မယ် သိလား..."

"ဘာပြောစရာရှိလို့လဲ"

"ထွေထွေထူးထူး မဟုတ်ပါဘူး... ဒါပေမယ့် စောင့်နေနော်"

"စောင့်မှာပေ့ါ... မသဲရဲ့"

အဲဒီ ညက သူ့ကို ဖုန်းထဲမှာ အဖြေပေးဖြစ်တယ်။

"ကိုကို.... အဖြေတောင်းတာကို ...အင်း... တယ်သိလား"

"ဗျာ..."

"အင်းပါဆို..."

"ဟာ... ဒါဆို ကျွန်တော့်ကို ချစ်တယ်ပေ့ါ..."

“အင်း…”

“ဟာ… ရှော့ခ် တကယ်ရှော့ခ်ရတာ သိလား… ဒီလောက်ကွိုင်ပူထားကာစ အခြေအနေမှာ လုံးဂ မမျှော်လင့်ထားပါဘူးဗျာ… ကျွန်တော် ပျော်လိုလက်တာ… ဘေးမှာသာ လူတွေမရှိရင် လက်သီးလက်မောင်းတန်းပြီး ခုန်ပေါက်ပစ်မိမှာပဲ…”

ဟု ထုံးစံအတိုင်းသော ယောကျ်ားလေး လက်သုံးစကားကို သုံးပါ၏ ။ ဒါပေမယ့် အ,နုံအ,အမ ကျွန်မကတော့ သူ့စကားတွေမှာ သာယာမိတာပဲလေ။ ဒီလိုနဲ့ ဖြူ တားတဲ့ကြားက ဖြူ မသိအောင် ကျွန်မ ရည်းစားထားပစ်လိုက်မိသည်။

သူ့ကို အဖြေပေးပြီးပြီးချင်း နောက်နေ့မှာ သူက လာခေါ်သည်။

“သဲ… ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်ရအောင်…”

“ကြည့်လေ…”

သဘောဖြူ အူစင်း ကျွန်မဟာ သမီးရည်းစားရုပ်ရှင် ကြည့်တာကို ဘာညာဘာညာ မတွေးမိပါဘူး။ မတွေးမိလို့လည်း အလွယ်တကူ လက်ခံလိုက်မိတယ်။ တကယ်ဆို ကျွန်မ ရုပ်ရှင်ကြည့်တာ မကြိုက်ဘူး။ မကြိုက်ဘဲ သူကြည့်ချင်ကြည့်ပါစေဟု လိုက်လျောတာဟာ သူ့ကိုချစ်လို့ပါ။

ဒါပေမယ့် ရုံထဲရောက်တော့ သူက ကျွန်မ လက်ကလေးကို ဖွဖွကိုင်တယ်။ ကျွန်မ သုံးခါလောက်တော့ ရုန်းမိတာပေ့ါ။ နောက်တော့လည်း သူက ကိုယ့်ချစ်သူပဲလေဟု လက်ခံလိုက်မိပြန်တယ်။( ကျွန်မရဲ့ ပျော့ညံ့ညံ့ အတွေးတွေကြောင့်လေ)။

ချစ်တယ်ဆိုတဲ့ စကားကို တဖွဖွရွတ်ပြီး ကျွန်မပါးကို နမ်းဖို့ကြိုးစားတယ်။

အဲဒီ တာ့မှ ကျွန်မသိတယ်။ သူတကယ်ရုပ်ရှင်ကြည့်ချင်တာမှ

မဟုတ်ဘဲ။ ဒါပေမယ့် သိတဲ့အချိန်က ရုပ်ရှင်ရုံထဲ ရောက်နေပြီလေ။

အစပထမနေ့ကတည်းက သူ့ကို ကျွန်မလန့်သွားပေမယ့် သူ့ကို ကျွန်မ ချစ်တယ်လေ။

အဲဒီ လိုနဲ့ပဲ။

ကျွန်မ ပိုးဖလံဖြစ်ပြီးရင်း ဖြစ်ခဲ့ရတယ်ဆိုပါတော့ရှင်။ မျက်ကန်းချစ်တွေနဲ့လေ။

♥♥♥

ကျွန်မချစ်သူ ကိုကိုက အင်မတန် အပျင်းကြီးတဲ့ သူဆိုတာ အဲဒီ အချိန်က ကျွန်မ မရိပ်မိခဲ့ဘူး။ သူကလည်း သူ့ရဲ့ အပျင်းကြီးမှုကို ယောကျ်ားတို့ရဲ့ မာယာတစ်သိန်းနဲ့ ဖုံးကွယ်ခဲ့တယ်။

သူဟာ လိုင်းကား တိုးမစီးချင်ဘူး။ သာမန်ဝန်ထမ်းတစ်ယောက်ရဲ့ သားဖြစ်သူဟာ တက္ကစီကို ဖောဖောသီသီ ငှားစီးနိုင်လောက်အောင်လည်း အိပ်မဖောင်းဘူး။ ဒါပေမယ့် သူဟာ ကျွန်မ ပိုက်ဆံနှင့် တက္ကစီ စီးဖို့ကိုတော့ အင်မတန် ဝါသနာပါပြန်သတဲ့။

ကျွန်မကလည်း မုန့်သာ ဝယ်စားချင်တာ။ လိုင်းကားစီးရင် နှစ်ရာလောက်နဲ့ ရောက်မယ့်ခရီးကို တက္ကစီကားခ နှစ်ထောင်ပေးပြီး မသွားချင်ဘူး၊ ကျွန်မစိတ်ထဲမှာ ဒါဟာ တမင်ပိုက်ဆံ ဖြုန်းတီးတာလို့ပဲမြင်တယ်။ တက္ကစီနဲ့ မဖြစ်မနေ သွားရမှာဆိုရင်တော့ တစ်မျိုးပေ့ါ။

ရည်းစားဘဝ ပထမအစမှာသာ ရုပ်ရှင်လိုက်ပြခဲ့တာ။ နောက်ပိုင်း ကျွန်မရုပ်ရှင် ကြည့်ချင်ပါတယ် ဆိုတာတောင် အင်းမလှုပ် အဲမလှုပ်။ အင်းလျားလို ကန်တော်ကြီးလို နေရာမျိုးတွေ သွားဖို့ အင်မတန် ပျင်းလှသူလေ။ ကျွန်မအတွက်ဆို

အအေးဖိုးသုံးရာကျော်ကုန်မှာ တောင် နှမြောလှသူ။ ဘောလုံးပွဲလောင်းပစ်ဖို့ ထောင်သောင်းချီသာ အကုန်ခံမည်။ ကျွန်မအတွက် ကုန်ရမည်ဆို So Sorry?

သို့သော် သိသိရက်နဲ့ မိုက်တဲ့ ကျွန်မ သူ့အပြောအဆိုတွေ။ သူ့အပြုအမူတွေမှာ ငြိတွယ်ခဲ့တာဟာ ကျွန်မက အရိုင်းသခင်ဖြစ်နေ၍ ပဲလား။ သူကပဲ ကျွမ်းကျင်အဆင့် တစ်ဖြစ်ခဲ့တာလား။

ဒီအချိန်ထိ အဖြေကို စဉ်းစားမရခဲ့ပေမယ့် အဲဒီ တုန်းက ကျွန်မတကယ်နစ်ခဲ့တယ်။

"သဲ... ကိုယ့်မွေးနေ့မှာ သဲနဲ့အတူ ငြိမ်းချမ်းစွာရှိချင်တယ်... သဲမျက်နှာကို တစိမ့်စိမ့် ကြည့်ပြီး ကြည်နူးချင်တယ်... သဲနဲ့ ကိုယ်ပဲရှိတဲ့ နှစ်ယောက်ကမ္ဘာလေး တည်ဆောက် ချင်တယ်သဲရယ်..."

မွေးနေ့မတိုင်ခင် တစ်လလောက်ကတည်း တတွတ်တွတ်ရွတ်ခဲ့တဲ့ သူ့စကားတွေကို မာယာထောင်ချောက်မှန်း မသိခဲ့တဲ့ ကျွန်မက ပီတိအရှိန်မြင့်ခဲ့သေးရဲ့လေ။ တကယ်တော့...။

သူ့မွေးနေ့အတွက် ရှိစုမဲ့စု လစာလေးထဲက မစားရက် မသောက်ရက်နဲ့စုပြီး သူ့အတွက် Hangtang အင်္ကျီ အနီရဲလေး ဝယ်ပေးတော့...

"သဲနော်... ကျွန်တော်က သဲလို အလုပ်နဲ့ အကိုင်နဲ့မဟုတ်ဘူး.... သဲမွေးနေ့မှာ လက်ဆောင်ပြန်ဝယ်ပေးနိုင်မှာမဟုတ်ဘူး..."

ပြောင်ပြောင်ပဲပြောပြီး ကျွန်မဝယ်ပေးတဲ့ အင်္ကျီကိုတော့ မချွတ်တမ်းကို ဝတ်လိုက်တာ။

တကယ်ပါပဲ။ကျွန်မ မွေးနေ့မှာ ကျွန်မအတွက် ငါးရာတန်ကဒ်ကလေး တစ်ကဒ်တောင် ဝယ်မပေးခဲ့ဘူး။ ရင်နင့်ပေမယ့်...

သူ့မွေးနေ့မှာ တကယ် ကို တိတ်ဆိတ်တဲ့နေရာတစ်ခုကို

ခေါ်သွားခဲ့တယ်။ ဟိုတစ်ခုရဲ့ သီးသန့်ခန်းမှာ လိုက်ကျွေးမယ်ဆိုတော့လည်း ကျွန်မလို ငတုံးမက ယုံပြန်သတဲ့။

အဲဒီ သီးသန့်ခန်းဟာ ခုတင်တွေ၊ မွေ့ယာတွေနဲ့ဆိုတာ အခန်းထဲရောက်မှသိတဲ့ ကျွန်မ အဲဒီ အခန်းထဲမှာပဲ...။

နမ်းရင်တောင် နွမ်းချင်တဲ့ ပန်းကလေး အချစ်ဆိုတဲ့ မျက်နှာဖုံးစွပ်ကို ယုံစားမိလို့... ကြွေခဲ့ရတယ်။ ဒါပေမယ့် သူ့ကိုယုံတဲ့ ကျွန်မဟာ မျက်လုံးကိုစုံမှိတ်ပြီး မိုက်တွင်းနက်သည်ထက် နက် ခဲ့မိတယ်။

"ကိုကို... သဲကို ပစ်သွားမှာလား..."

"ပစ်စရာလား သဲရယ်... ချစ်လွန်းလို့တောင် ရအောင်ယူထားတာပဲ... စိတ်ချ... ကိုကို သေမှထားခဲ့မှာ..."

ပစ်သွားမှာလားလို့ မေးမိတိုင်း...

"ဘာတွေမေးနေတာလဲ... သဲကို ပစ်ဖို့ကိုယ်ကသေတောင်သေပေးရဦးမလိုဘဲ... နောက်ကို ...အဲလို ဘယ်တော့မှ မမေးနဲ့...."

ကျွန်မကပဲ ယုံလွယ်တာလား။ သူကပဲ လျှာတစ်ဖျားကို ပလီတတ်လွန်းတာလား။

သောက်လေသောက်လေ ငတ်မပြေတဲ့ သူကတော့ ကျွန်မဘဝကို တစ်စစီ တစ်ဖဲ့စီ ချွေးပြီးရင်းချွေရင်း...

တစ်နေ့မှာတော့ မိုက်မဲခြင်းရဲ့ ဆုလဒ်တစ်ခုကိုရရှိခဲ့တယ်။

"မနက် မနက်တွေတိုင်း လေတွေအန်ပြီး မူးရိပ်ရိပ်ဖြစ်နေတယ်... ကိုကိုရယ်...ဟိုဟာလေ ဒုက္ခတော့ ရောက်ပြီထင်တယ်..."

သူ့ကို ကျွန်မ ဘယ်လိုစကားလုံးလှလှသုံးပြီး ပြောရမလဲဆိုတာ

နားမလည်ပါဘူး။

“အမျိုးသမီးကိစ္စ ဖြစ်ရဲ့လား…”

သူကတော့ သမ္ဘာရင့် အိမ်ထောင်သည်ကြီးပမာ။

“ဟင့်အင်း… တစ်လကျော်လာပြီ…မဖြစ်ဘူး”

ကျွန်မ မျက်နှာ ပုရွက်ဆိတ်အကောင်တစ်ထောင် ဝိုင်းကိုက်သလို ခံစားရတယ်။

“ကိုကို… ဘယ်လိုလုပ်ကြမလဲ”

“ရပါတယ်…ကိုယ် တာဝန်ယူမှာပေ့ါ…. ဘာမှမပူနဲ့ သိလား…”

ကျွန်မ ဝမ်းသာလိုက်တာလေ။ ချစ်သူဆီက တာဝန်ယူမယ့် စကားကြားရတာ သိန်းတစ်ထောင်ထီပေါက်တာထက်တောင် ဝမ်းသာတယ်။

ဒါပေမယ့် သူတကယ်ပဲတာဝန်ယူခဲ့တာ ကျွန်မနဲ့ ကျွန်မ ကိုယ်ဝန်ကို မဟုတ်ဘူးလေ။ အဲဒီ ကိုယ်ဝန်ကို ဖျက်ဆီးဖို့ တာဝန်ယူခဲ့တာ။

“ဟင့်အင်း… ကျွန်မ ဘယ်လိုမှ လက်မခံနိုင်ဘူး…ကိုကို ကျွန်မကို လက်ထပ်ပါ…”

“လက်မထပ်နိုင်ဘူး….”

“ဘာ… ဘာပြောလိုက်တယ်….”

ကျွန်မမျက်လုံးထဲမှာ မီးကျီမီးခဲတွေ တောက်လောင်ကုန်တယ်။

“စိတ်အေးအေးထားပါ… သဲရယ်… ဒီမှာ ကိုယ်ပြောမယ် အခုအချိန်မှာ… ကိုယ်… သဲကို လက်ထပ်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး… သဲရဲ့… ဘာလို့လဲဆိုတော့ ကိုယ်တို့မောင်နှမ တွေထဲမှာ ကိုယ်အငယ်ဆုံး… ကိုယ်ကစပြီး အိမ်ထောင်ပြုဖို့က ဘယ်လိုမှမဖြစ်နိုင်ဘူး… ပိုဆိုးတာက ကိုယ့်ဒီအင်ဂျင်နီယာဘွဲ့

ရဖို့အတွက် ကိုယ့်အစ်ကိုအကြီးဆုံးက ကိုယ့်ကို ကျောင်းထားပေးခဲ့တာ… သူ မလေးရှားမှာ အလုပ်သွားလုပ်တုန်းက မိန်းမယူဖို့ ငွေသွားရှာတာ… ဖြစ်ချင်တော့ အဲဒီ အချိန်မှာ ကိုယ်က ဆယ်တန်းအောင်ပြီး GTI တက်ရတယ်… ကိုယ့်မိဘတွေက သူတို့ရတဲ့ လစာလေးနဲ့ ကိုယ့်ကို ဘယ်လိုလုပ် ကျောင်းထားပေးနိုင်မလဲ… အဲဒီ တော့… ကိုကြီး ပိုက်ဆံနဲ့ ကိုယ့်ကို ကျောင်းထား ရတယ်။ကိုကြီးလည်း ဟိုကသာပြန်လာပြီး ကိုယ်ကသာ ဘွဲ့ရသွားရော မိန်းမမယူနိုင် သေးဘူး… ကဲ… ကိုယ်က သဲကို ဘယ်လိုလုပ် ယူနိုင်မလဲ…”

“ဟုတ်ပါတယ်… ကိုကို့ အစ်ကိုရဲ့ အခြေအနေကတစ်မျိုးလေ… ခု သဲတို့အခြေအနေနဲ့ မတူဘူးလေ… မလုပ်သင့်ပေမယ့် လုပ်ကိုလုပ်ရတော့မယ်ကိစ္စကို ကိုကိုက ရှောင်လွှဲလို့ ဘယ်ရမလဲ…”

“ယူတာကမှ လုပ်သင့်တာလား… မယူဘဲ ဖြေရှင်းလိုက်ရင်လည်း ရတာ ပဲ…”

“ကိုကို…. ဖြေရှင်းရမှာက နည်းလမ်းမှ မကျတာ…. ဘာပဲ ဖြစ်ဖြစ် စွန့်စားပေးပါ… ကိုကိုရယ်…နော်… သဲကို ချစ်ရင် စွန့်စားပေးပါ… ကိုကိုရယ်နော်…”

“မဖြစ်နိုင်ဘူး… သဲ… ကိုယ်က ဘာအလုပ်အကိုင်မှလည်း မရှိဘူး… မိဘစွန့်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ… နှစ်ယောက်လုံး ဒုက္ခတွေ့မှာ…”

“ကိုကို အလုပ်မရှိပေမယ့် သဲမှာအလုပ်ရှိတာပဲ… သဲလစာက ကောင်းတာပဲကို… သဲတို့နှစ်ယောက် ချွေတာသုံးရင် လောက်မှာပါကိုကိုရယ်… ကလေးအဖေနေရာပဲ တာဝန်ယူ ပေးပါနော်… သဲ တောင်းပန်ပါတယ်နော်…”

“ဟာကွာ… ကောင်းကောင်းပြောနေရင် မရဘူး… မယူဘူး… မင်းကို ငါလုံးဝမယူဘူး… မစဉ်းစားနဲ့ ဘယ်တော့ မှ မစဉ်းစားနဲ့… ရှင်းပေးသလို လက်မခံရင် ကြိုက်သလို လုပ်နိုင်တယ်… သဘောပဲ…”

အဲဒီ နေ့ကတည်းက သူဟာ ကျွန်မရှေ့ကနေ စုန်းစုန်းမြုပ်ပျောက်ကွယ်သွားခဲ့သတဲ့လေ။

♥♥♥

သူ ခြေဦးမလှည့်တဲ့ ကောင်းကင်က တိမ်ညိုတွေမကင်းစင်ခဲ့ဘူး။ သူ့အိမ်ကို ဖုန်းဆက် ရင်လည်းသူ လာမကိုင်တာကများတယ်။ ကျွန်မမှာ တစ်ရက်ထက်တစ်ရက် ပိုဆိုးလာတဲ့ အခြေအနေတွေကို လက်မခံနိုင်ဘူး။

သူ့မိဘတွေက အစိုးရ လခစားဝန်ထမ်းတွေမို့ သူရှိတဲ့ ဝန်ထမ်းအိမ်ရာကို စုံစမ်းပြီး လိုက်သွားမိတယ်။ သူ့အဖေကရာထူးခပ်မြင့်မြင့် အရာရှိတစ်ယောက်မို့ စုံစမ်းရလွယ်ပါတယ်။

သူ့အိမ်နဲ့ မနီးမဝေးကနေ သူ့အိမ်ကိုငေး သူ့အရိပ်ကိုမျှော်မိပေမယ့် ရက်တွေသာကြာလာ တယ် သူ့ကို မတွေ့ရဘူး။

ကျွန်မက အချိန်ပြည့် စောင့်မကြည့်နိုင်တာလည်းပါတာပေါ့။ သူ့အိမ်ကို သွားချောင်းတဲ့ အချိန်က မနက်ပိုင်းရုံးမသွားခင်နဲ့ ညနေ ရုံးဆင်းချိန်တွေပဲလေ။

ရုံးပိတ်ရက် တနင်္ဂနွေမှာတော့ သူတို့ဝင်းထိပ်နားကအသုပ်စုံဆိုင်ကနေ သွားစောင့်ကြည့် မိတယ်။

ဌာနက ပေးထားတဲ့ ကားကိုမောင်းပြီးထွက်လာတဲ့ သူ့ကို တွေ့လိုက်ရတော့ ဘာဘာညာ ညာတောင်မစဉ်းစားနိုင်ဘဲ သူ့ကားရှေ့မှာ မျက်စိမှိတ်ပြီး ဝင်ရပ်လိုက်တယ်။

သူ့ကားနဲ့ တိုက်မိလို့ ကျွန်မသေဆုံးခဲ့ရင်လည်း တန်တယ်။ ဘာလို့လဲဆိုတော့ သူလည်း တန်ပြန်ပြစ်ဒဏ်ခံရမှာပဲလေ။ ကျွန်မ အဲဒီ လောက် နာကြည်းခဲ့ရပါတယ်။

ကား ဘရိတ်အုပ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာတယ်။

"မင်း … သေချင်လို့လား"

"ဟုတ်တယ် … ကိုကို … သဲဘဝက သေတာမှ ကောင်းဦးမယ် …"

"သေချင်ရင် လွတ်လွတ်လပ်လပ်သွားသေ … ငါ့ကိုဒုက္ခလာမပေးနဲ့ …"

ဘုရားရေ၊ ငါးဖယ်က ပြောင်းပြန်မာနေတာပါလား။

ဒါလား အချစ်ဆိုတာ။ အလွဲသုံးစားအချစ်ကြီးပါလား။ ပတ်ဝန်းကျင်ကလည်း သူ့ပတ်ဝန်းကျင်၊ စူး စူးစမ်းစမ်းကြည့်တွေကြောင့် သူက သူမကို ကားပေါ်တင်ခေါ်လာတယ်။ သူ့ပတ်ဝန်းကျင်နဲ့ဝေးရာ လူရှင်းတဲ့နေရာလည်းရောက်ရော …

"ဆင်းတော့ … နင် … နောက်ကို ငါ့ပတ်ဝန်းကျင်ကို ဘယ်တော့မှ မလာနဲ့ … ဒါ ပထမဆုံး အကြိမ်ဖြစ်ပါစေ …"

"ကျွန်မမှာ အဲဒီ အခွင့်အရေးမရှိဘူး … ကိုကို … ကျွန်မမှာကိုကိုနဲ့ မဖြစ်မနေ ပတ်သက်ရ မယ့်အကြောင်း ရှိနေပြီလေ"

"မင်း … ဘာနဲ့သက်သေပြမလဲ … အကြောင်းအရာတစ်ခုဆိုတာ သက်သေခိုင်လုံမှထင် ရှားတာ … သဲရဲ့ … မင်းစာတတ်ပါတယ်ကွာ … ဒီမှာ သဲ … မိဘအုပ်ထိန်းမှု မရှိဘဲ ထင် ရာစိုင်းတတ်တဲ့ အဆောင်သူတစ်ယောက်ကို တာဝန်ယူလက်ထပ်လိုက်ရအောင် … ငါနွား မဟုတ်ဘူး … မင်း ကိုယ်ဝန်က ငါတစ်ယောက်တည်းနဲ့တောင် ဟုတ်ရဲ့လားပြန်စဉ်းစားဦး နော် …"

ကျွန်မရဲ့ လက်တွေ လေထုကိုအရှိန်ပြင်းပြင်းထိုးခွဲသွားတယ်။ ဒါပေမယ့် ကျွန်မလက်တွေ သူ့ဆီ မရောက်လိုက်ရခင်ကြမ်းတမ်းစွာ ပုတ်ထုတ်ခြင်းခံလိုက်ရတယ်။

"တစ်ခုတော့ရှိတယ် သဲ … မင်းပိုက်ဆံတတ်နိုင်ရင်တော့

ကလေးမွေးပြီးအခါ DNA စစ်ပြီး ငါ့ဆီပို့လိုက်ပေါ့ကွာ ဟား … ဟား … ကလေးစရိတ်ထောက်မှာပေါ့ …”

“လဲသေလိုက်စမ်း ကိုကို … ရှင် လဲသေလိုက် … ”

သူက သူမကို ကားပေါ်က ဆွဲချချန်ရစ်ကာ ကားကိုဆက်မောင်းထွက်သွားသည်။

နွေနေ့လယ် ပူလောင်လောင်မှာ … ကားမှတ်တိုင်မနီးမဝေး မြို့စွန်တစ်နေရာ၌ ကူ ကယ်ရာမဲ့ ကျွန်မ အရုပ်ကြိုးပျက်ငိုမိတယ်။ ကျွန်မ ဘာလုပ်ရမလဲ။

ဒေါသတွေက တစ်ကိုယ်လုံးကိုလောင်မြိုက်လာတယ်။

တက္ကစီတစ်စီးငှားပြီး သူ့ခြံရှေ့ရောက်တော့ ညနေခြောက်နာရီထိုးတော့မည်။ သူ့ တို့ ခြံဂိတ်မှာ ခြေစုံရပ်မိတော့ …

ကျွန်မကို ကြိုသိနှင့်နေသော သူ့ဖခင်နှင့်အရင်ရင်ဆိုင်ရ၏ ။

“ဦး … ကိုကိုနဲ့ တွေ့ချင်လို့ပါ …”

“မရှိဘူးကွ … အပြင်သွားတယ် …”

လက်မှာ ပုတီးစိပ်လျက်နှင့်တော့ မလိမ်မညာတန်ကောင်းပါဘူးလေ။

”ဘယ်များသွားလဲ မသိဘူးလား … ဦး … သမီးအရေးကြီးကိစ္စရှိလို့ပါ …”

“ဟေ … သူက အပြင်သွားရင် ဘယ်သွားမယ် ဘယ်လာမယ် ပြောတာမဟုတ်ဘူး … ဦးတို့လည်း လိုက်မမေးမိဘူးကွယ် …”

ခြံတံခါးက ပြန်ပိတ်သွားသည်။ ပြီးတော့ သူ့အစ်မက စာအုပ်လေးတစ်အုပ်ကိုင်ပြီး အပြင်က ပြန်လာတာ တွေ့ရသည်။

စာအုပ်သွားငှားတာ ထင်ပါရဲ့။

"ခြံရှေ့မှာ ဘာလုပ်နေတာလဲ"

"ကိုကို့ဆီ လာတာပါ ... မမ "

"မရှိဘူး ... အိမ်ပေါ်က နှင်ချထားတယ် ... "

"ရှင် ... "

"ဒီမှာ ... သူ့ကို တို့တွေက ဘာစာရင်းမှ မထည့်ထားဘူး တို့မောင်လို့လည်း မသတ်ဘူး ... သူ့ကို လိုချင်ရင်လည်း လူပဲရမယ် ... တို့မိဘတွေ ... တို့မိသားစုတွေဆီကတော့ ဘာမှမ မျှော်လင့်နဲ့ ..."

"ရှင် ဘာကိုမျှော်လင့်ရမှာလဲ ... အစ်မ ... ကျွန်မမျှော်လင့်တာတစ်ခုပဲ ... ကျွန်မရင်သွေး လေးအတွက်အဖေအမည်ခံပေးဖို့ပဲ ... ဒီမှာ ကျွန်မဆိုတဲ့ မိန်းမကလေ အစ်မတို့မောင်ကို အစ်မတို့ထားပေးတဲ့ အနေအထားထက်ကိုပိုမြင့်အောင် ထားနိုင်တယ်ဆိုတာ မြဲမြဲမှတ်ထား ... အစ်မတို့ ပိုက်ဆံရှိတယ်ဆိုတာ ကျွန်မအတွက် တစ်နှစ်စာအသုံးစရိတ်သာသာပဲဆိုတာ သဘောပေါက်ထားပါ ..."

ငွေစကားပြောတော့ တောသူဌေးသမီး ကျွန်မက ဆက်ဆက်ခါနာပါသည်။ ချစ်သူ ကပြောတာကို နည်းနည်းခံနိုင်ရည်ရှိသေး၏ ။ ချစ်သူရဲ့ မိသားစုတွေကို ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်။

"အေး ... ဒီမှာ နင့်လင်မရှိဘူး ... တို့အိမ်လည်းကျက်သရေယုတ်တယ် ... မလာနဲ့ ... မလာခဲ့နဲ့ ... ထွက်သွား ... ခုထွက်သွား ..."

"မသွားဘူး ... သူပြန်လာတဲ့အထိ ကျွန်မဒီမှာပဲစောင့်မယ် ..."

"သူ့ကို နှင်ချထားတယ်လို့ ဘယ်နှစ်ခါပြောရမလဲ ..."

"အို ... နေ့လယ်ကတင်သူ ဒီအိမ်ထဲကကားမောင်းထွက်လာပြီး ကျွန်မနဲ့

ဆုံသေးတယ် ... ရှင်မညာနဲ့ ...”

“ဟဲ့ ... ရှိလည်း နင့်ကို မတွေ့ချင်လို့ ထွက်မတွေ့တာ ... နင်အရှက်မရှိ မျက်နှာပြောင်လာ မတိုက်မနေနဲ့ ... ငါတို့မှာ ပတ်ဝန်းကျင်နဲ့နေတာ ... အရှက်နဲ့ သိက္ခာနဲ့နေတာဟဲ့ ...”

ပတ်ဝန်းကျင် ခြံတွေကလည်း ကွက်ကြည့် ကွက်ကြည့် စပ်စုနေကြပြီး၊ တကယ် ပြောရရင် မခံချင်စိတ်တွေကြီးစိုးပြီး မျက်နှာပြောင်တိုက်နေရပေမယ့် ကျွန်မ ရှက်ပါသည်။

သို့သော် ရှက်ရွံ့ပြီး ကျွန်မ နောက်ဆုတ်လိုက်ရင် သင်းတို့တွေ အောင်ပွဲခံကြမည် လေ။

“မသွားဘူး ... ကိုကို ပြန်လာတဲ့အထိ ဒီရှေ့မှာ စောင့်မယ်”

“ဒီလောက်တောင် ပြောမရဦးဟာ ... ကဲ ...”

သူမ လက်ဖဝါးက ကျွန်မ ပါးပြင်နှစ်ဖက်ပေါ်အရှိန်ပြင်းစွာ သူမ လက်သည်း ချွန်ချွန်တွေက ကျွန်မ လက်မောင်းသားတွေပေါ်မှာ လိမ်ညစ်ဆောင့်ဆွဲလိုက်သည်။

နဂိုအခံကိုက အားနည်းနေတဲ့ ကျွန်မဟာ သူတို့ခြံရှေ့မှာ ပုံလျက်လဲပြိုလို့။ ပတ်ဝန်ကျင်ကလည်း ဝန်ထမ်းအိမ်ရာတွေပဲမို့ စပ်စုရုံသာ စပ်စုပြီး အနားကိုတော့ ရောက်မလာခဲ့။ ညကိုးနာရီကျော်လာပြီ။

သူ့အစ်မ ကျွန်မကို အော်ဟစ်ပြောဆိုနေဆဲ။ ခြင်တွေကလည်း တဂီဂီမြည် ကာ ဝိုင်းအုံခဲနေသည်။ လမ်းဘေး ချွေးတစ်ကောင်စနှစ်ကောင်စကလည်း ထိုးဟောင်နေ ပြီ။ ကျွန်မ မူးနောက်ရီဝေနေသည်။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေပြီ။

ရင်သွေး၊ ကျွန်မရင်သွေး၊ ဖျတ်ခနဲ သတိရလိုက်တော့ ခန္ဓာကိုယ်က အား

တစ်ခုရလိုက်သလို ကုန်းရုန်းထသည်။

“ဟဲ့ … ဟဲ့ … ဘယ်လိုတွေဖြစ်နေတာလဲ …”

ထိုအချိန်မှာ သူ့အစ်ကိုနဲ့ သူ့အမေ အပြင်က ကားနဲ့ပြန်လာသည်။

“သမီး … ဘယ်လိုဖြစ်နေတာလဲ …”

“ဒီမှာလေ … ကျက်သရေလာယုတ်နေတယ် …”

“ဟဲ့ … ဘယ်လိုပြောလိုက်တာလဲ … ကလေးမ … ထ,ထ”

သူ့အမေက ဆွဲထူ၏။ သူ့အဖေက …

“သမီး … လာခဲ့ … ဖက်ဖြစ်မနေနဲ့”

သူ့အစ်ကို ကားကို ခြံထဲ ဆောင့်အောင့်ကွေ့သွားပြီး အိမ်ထဲကိုဝင်ကာ တံခါးကို ဆောင့်ပိတ်သည်။ မစာနာခြင်းသရုပ်ကို ပီအောင်ဖော်ကြပါပေရဲ့။

“ညည်း … ဘာလုပ်တာလဲ ကလေးမ … ကိုကို တကယ်မရှိတာပါအေ … ငါလည်း သေသာ သေချင်တာပါပဲ … ဒီသားတစ်ယောက်နဲ့ …”

“သူ ဘယ်သွားလဲ … အန်တီ …”

“မသိဘူး … ညနေကတည်းက ထွက်သွားတာ … ညည်းကြည့်ရတာ မဟန်တော့ဘူး ကလေးမရယ် … ကဲ … လာလာ … အန်တီပြန်ပို့ပေးမယ် … ဆယ်နာရီတောင်ကျော် ပြီလာ … မပြန်ခင် ဆေးခန်းဝင်ပြမယ် … ညည်းတစ်ကိုယ်လုံး ပူချစ်နေပြီ … ညည်းဖျားနေ ပြီ …”

“ရပါတယ် … အန်တီ … ဖျားလို့ သေရင်လည်း ဂွင်ကျွတ်တာပေါ့ … သမီး ကိုကိုနဲ့မတွေ့ မချင်း … ဒီနားက မခွာပါရစေနဲ့ …”

“ခေါင်းမမာပါနဲ့အေ … အန်တီက သမီးချင်း ကိုယ်ချင်းစာလို့ပြောတာ … ဒီမှာ … ညည်း သေချာစဉ်းစားပါ … ညည်းလည်း

ခေတတ်ပညာတတ်တစ်ယောက်ပဲလေ ... ညည်းဇွတ် အတင်းအကျပ်လုပ်လို့ ညည်းကို မယူချင်ပဲ ယူလိုက်ရရင်တောင်မှ ညည်းစိတ်ချမ်းရာရမှာ မဟုတ်ဘူး ... စဉ်းစားပါအေ ... မျက်စိတစ်ဆုံးလေးပဲ မကြည့်ပါနဲ့ ... ကိုယ်ကယ်ငယ် လေးပဲရှိသေးတာ ... အနာဂတ်က အရှည်ကြီးဆက်သွားရဦးမှာ ... အိမ်က ကောင်ကဒီည ပြန်လာချင်မှလာမှာ ... သူက တစ်ခါတလေ နှစ်ရက်သုံးရက် ပြန်မအိပ်တတ်ဘူး ... ပြန် လိုက်နော် ... အန်တီ ပြန်လိုက်ပို့ပေးမယ်”

ထို့နောက် သူ့အမေကိုယ်တိုင် ကားငှားပြီး ပြန်ပို့ပေးသည်။ ညကြီးအချိန်မတော်မှ အဆောင်ပြန်ရောက်လာသော သူမကို အဆောင်မှူးက တံခါးမဖွင့်ပေးပါ။

သူ့အမေကိုယ်တိုင် တောင်းပန်ပြီး ထားခဲ့မှ ဖွင့်ပေးသည်။ သို့သော်...

“သဲသဲ...မနက်ဖြန်ကစပြီး အဆောက်က ထွက်ရမယ်... တို့အဆောင်က စည်းကမ်းကို မလိုက်နာရင် အဆောင်သူအဖြစ် လက်မခံဘူးဆိုတာ ထပ်ပြောပြဖို့ မလိုတော့ဘူးထင်တယ်...”

“ဟုတ်ကဲ့... အစ်မ...ကျွန်မ မနက်မိုးလင်တာနဲ့ ပြောင်းပေးပ့ါမယ်...”

အခန်းထဲကို ယိုင်နဲ့နဲ့ ဝင်လာသော ကျွန်မကို ဖြူက ဆီးထိန်းပေးထားပြီး....

“ဘာတွေ ဖြစ်ကုန်တာလဲ... သဲသဲရယ်....”

“ဖြူရယ်...”

လတ်တစ်လောမှာ နီးစပ်ရာ ရင်ခွင်သည်သာ မဟာတံတိုင်းကြီးဖြစ်နေခဲ့သည်။

♥ ♥ ♥